မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် ( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် )

**၂၀၁၅ ခုနှစ်၊ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၂၀၁၅ ခုနှစ်၊ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့် အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **"၂၀၁၅ ခုနှစ်၊ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဒေါက်တာစိုင်းမောက်ခမ်း<br>ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဦးရဲထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးသိန်းညွန့်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ဦးမြင့်လှိုင်<br>ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးအုန်းမြင့်<br>ပြည်ထောင်စုဝန်ကြီး<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၆) | ဦးဉာဏ်ထွန်းအောင်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးဝင်းထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးခင်မောင်စိုး<br>ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးဇေယျာအောင်<br>ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာဒေါ်ခင်စန်းရီ<br>ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာသန်းအောင်<br>ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဦးအေးမြင့်ကြူ<br>ပြည်ထောင်စုဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဦးသန်းဌေး<br>ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဦးဌေးအောင်<br>ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဦးလှထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အတွင်းရေးမှူး |
| (၁၇) | ဦးဇော်သန်းသင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | တွဲဖက်အတွင်းရေးမှူး |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် )

## ၂၀၁၅ ခုနှစ်၊ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း

၁။ ၂၀၁၅ ခုနှစ်၊ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့် အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **"၂၀၁၅ ခုနှစ်၊ (၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဦးသိန်းညွန့်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဗိုလ်ချုပ်တင်အောင်ချစ်<br>ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးပိုက်ထွေး<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဟံစိန်<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမြင့်ဇော်<br>ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးသန့်ရှင်း<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာဝင်းမြင့်<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်စန္ဒာခင်<br>ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ည) | ဒေါက်တာလင်းအောင်<br>ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးချန်မောင်<br>ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာစိုင်းကျော်အုန်း<br>ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးမျိုးမြင့်<br>ဒုတိယစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဎ) | ဦးသန်းဌေး<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဏ) | ဦးကံချွန်<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (တ) | ဦးသန်းကျော်ထူး<br>ဒုတိယမြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ထ) | ဗိုလ်ချုပ်မင်းဇော်<br>ညွှန်ကြားရေးမှူး<br>ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဒ) | ဗိုလ်မှူးချုပ်မောင်မောင်<br>ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဓ) | ဗိုလ်မှူးကြီးမင်းနောင်<br>တိုင်းဦးစီးဗိုလ်မှူးကြီး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (န) | ဦးထွန်းလှအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ပ) | ဦးတင့်ဆွေ<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (ဖ) | ဦးရန်နိုင်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |

(ဗ) ဦးအောင်ဇော်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဘ) ဒေါ်ခင်စန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(မ) ဦးမျိုးညွန့် — အတွင်းရေးမှူး
ကောင်စီဝင်
နေပြည်တော်ကောင်စီ

(ယ) ဦးဝင်းဌေး — တွဲဖက်အတွင်းရေးမှူး
အတွင်းရေးမှူး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ စီမံခန့်ခွဲမှုကော်မတီသည် လုပ်ငန်းများ စနစ်တကျဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၃/၂၀၁၄**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (၁) ဦးဝင်းဟန် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၂) ဦးသောင်းဟန် | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
| --- | --- |
| (၃) ဦးခင်မောင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားဦးစီးဌာန<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၄) ဦးသံဒိုင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂) သတ္တုတွင်းလုပ်ငန်း<br>သတ္တုတွင်းဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၂၂/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

**ဗိုလ်ရှုခံအခမ်းအနားကျင်းပရေးဗဟိုကော်မတီတွင် အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သော **ဗိုလ်ရှုခံအခမ်းအနားကျင်းပရေးဗဟိုကော်မတီ**တွင် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် )

**နိုင်ငံရေးပါတီများမှ ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ပေးအပ်ခြင်း**

၁။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးပါတီ (၆၇) ပါတီ တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ မြေယာစီမံခန့်ခွဲရေးဆိုင်ရာကိစ္စနှင့် လယ်ယာမြေကိစ္စ၊ နိုင်ငံရေးရာကိစ္စ၊ စီးပွားရေးရာကိစ္စ၊ လူမှုရေးရာကိစ္စ၊ တိုင်းရင်းသားရေးရာကိစ္စများတွင် နိုင်ငံရေးပါတီများက တစ်ဖက်တစ်လမ်းမှ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးလိုကြောင်း တင်ပြလာပါသည်။ နိုင်ငံတော်သမ္မတမှလည်း နိုင်ငံတော်အစိုးရနှင့် နိုင်ငံရေးပါတီမှ ဆက်သွယ်နိုင်ရန် လမ်းကြောင်းထားရှိပေးမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့ပါသည်။

၂။ သို့ပါ၍ နိုင်ငံရေးပါတီများမှ ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များအား တာဝန်ပေးအပ်လိုက်သည် -

(က) **မြေယာစီမံခန့်ခွဲရေးဆိုင်ရာကိစ္စနှင့် လယ်ယာမြေကိစ္စ**

(၁) ဦးကျော်မြင့်
ညွှန်ကြားရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)
ပြည်ထဲရေးဝန်ကြီးဌာန
ဖုန်း- ၀၆၇၄၁၂၄၀၄
ဖက်စ်-၀၆၇၄၁၂၄၀၈

(၂) ဦးကျော်ငြိမ်းအောင်
ညွှန်ကြားရေးမှူး
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဖုန်း- ၀၆၇၄၁၀၁၂၄
ဖက်စ်-၀၆၇၄၁၀၃၀၆

(ခ) **နိုင်ငံရေးရာကိစ္စ**
ဦးထွန်းထွန်းဦး
ဒုတိယညွှန်ကြားရေးမှူး
သမ္မတရုံးဝန်ကြီးဌာန (၄)
ဖုန်း- ၀၆၇၄၀၉၅၅၈
ဖက်စ်-၀၆၇၄၀၉၅၅၀

(ဂ) **စီးပွားရေးရာကိစ္စ**
ဦးအောင်လှိုင်မိုး
ညွှန်ကြားရေးမှူး
သမ္မတရုံးဝန်ကြီးဌာန (၃)
ဖုန်း- ၀၆၇၄၀၉၅၅၉
ဖက်စ်-၀၆၇၄၀၉၅၇၀

(ဃ) **လူမှုရေးရာကိစ္စ**
ဦးသန်းအောင်ကျော်
ဒုတိယညွှန်ကြားရေးမှူးချုပ်
သမ္မတရုံးဝန်ကြီးဌာန (၅)
ဖုန်း- ၀၆၇၄၀၉၅၆၅
ဖက်စ်-၀၆၇၄၀၉၅၆၉

(င) **တိုင်းရင်းသားရေးရာကိစ္စ**
ဦးထက်အောင်
ဒုတိယညွှန်ကြားရေးမှူး
သမ္မတရုံးဝန်ကြီးဌာန (၆)
ဖုန်း- ၀၆၇၄၀၉၅၆၆
ဖက်စ်-၀၆၇၄၀၉၅၆၈

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

**ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ (မူကြမ်း)

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

**နိဒါန်း**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄ ပါ “ပြည်သူ့ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်” ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ ကိုးကွယ်ရာဘာသာကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရရှိစေရန်နှင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရာတွင် ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကိုးကွယ်ရာဘာသာ**ဆိုသည်မှာ သူတစ်ဦးက မိမိယုံကြည်ရာအလိုက် ကိုးကွယ်သော ဘာသာကို ဆိုသည်။

(ခ) **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်း**ဆိုသည်မှာ သူတစ်ဦးက မိမိ၏ ယုံကြည်ရာအလိုက် ကိုးကွယ်လျက်ရှိသော ဘာသာကိုစွန့်လွှတ်၍ အခြားကိုးကွယ်ရာဘာသာသို့ လွတ်လပ်သော သဘောဆန္ဒဖြင့် ကူးပြောင်းကိုးကွယ်ခြင်းကို ဆိုသည်။

(ဂ) **ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ**ဆိုသည်မှာ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုနိုင်ရန် မှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားသူကို ဆိုသည်။

(ဃ) **မှတ်ပုံတင်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဆိုသည်။

(င) **မှတ်ပုံတင်ရေးအဖွဲ့ရုံး**ဆိုသည်မှာ မှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဤဥပဒေတွင် သတ်မှတ်ထားသော ဌာနကို ဆိုသည်။

(စ) **သက်သေခံလက်မှတ်**ဆိုသည်မှာ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသော ကိုးကွယ်ရာ ဘာသာ ကူးပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ်ကို ဆိုသည်။

## အခန်း (၂)

## မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ကိုးကွယ်ရာဘာသာကူးပြောင်းရန် လျှောက်ထားခြင်း

၃။ မြို့နယ်အသီးသီးတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ကို ဖွဲ့စည်းသည် -

(က) မြို့နယ်သာသနာရေးမှူး<br>မြို့နယ်သာသနာရေးမှူးရုံး — ဥက္ကဋ္ဌ

(ခ) မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဃ) အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရွေးချယ်သော<br>ကိုးကွယ်ရာဘာသာအသီးသီးနှင့် သက်ဆိုင်သည့် မြို့မိ၊ မြို့ဖလေးဦး — အဖွဲ့ဝင်

(င) မြို့နယ်ပညာရေးမှူးက တာဝန်ပေးအပ်သော<br>ပညာရေးဝန်ထမ်းတစ်ဦး — အဖွဲ့ဝင်

(စ) ဥက္ကဋ္ဌ<br>မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်

(ဆ) လက်ထောက်မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — အတွင်းရေးမှူး

၄။ မည်သူမဆို -

(က) မိမိကိုးကွယ်ရာဘာသာမှ အခြားကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ ဘာသာမဲ့အဖြစ်မှ ကိုးကွယ်ရာ ဘာသာတစ်ခုသို့ဖြစ်စေ လွတ်လပ်စွာ ကူးပြောင်းကိုးကွယ်ခွင့်ရှိသည်။

(ခ) ကူးပြောင်းကိုးကွယ်ခွင့်ရရှိထားသည့် ကိုးကွယ်ရာဘာသာမှ မူလမိမိကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားဘာသာသို့ဖြစ်စေ ကူးပြောင်းကိုးကွယ်ခွင့်ရှိသည်။

၅။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် -

(က) အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ခ) မိမိ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ကိုးကွယ်ရာ ဘာသာကူးပြောင်းလိုခြင်းဖြစ်ရမည်။

(ဂ) မိမိနှင့် သက်ဆိုင်သည့် အောက်ပါအချက်များ ဖော်ပြထားသော လျှောက်လွှာကို သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ တင်ပြရမည် -

(၁) အမည်၊

(၂) အသက်နှင့် မွေးသက္ကရာဇ်၊

(၃) ကိုင်ဆောင်သည့် မှတ်ပုံတင်လက်မှတ်အမှတ်၊

(၄) နေရပ်လိပ်စာ၊

(၅) ဖခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၆) မိခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၇) ဇနီး သို့မဟုတ် ခင်ပွန်းရှိလျှင် ၎င်း၏ အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၈) လက်ရှိကိုးကွယ်ရာဘာသာ၊

(၉) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၊

(၁၀) ယခင်က ကိုးကွယ်ရာဘာသာကူးပြောင်းခဲ့ဖူးခြင်း ရှိ မရှိ၊

(၁၁) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသည့်အကြောင်းရင်း။

၆။ မှတ်ပုံတင်ရေးအဖွဲ့ရုံးသည် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူက ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသည့် လျှောက်လွှာကို လက်ခံရရှိသည့်အခါ -

(က) လျှောက်လွှာတွင် အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံခြင်းမရှိပါက လိုအပ်ချက်ကို ရှင်းပြ၍ ဖြည့်စွက် တင်ပြစေရမည်။

(ဂ) လျှောက်လွှာတွင် အချက်အလက်ပြည့်စုံစွာ ဖော်ပြထားကြောင်း စိစစ်တွေ့ရှိလျှင် မှတ်ပုံတင်စာရင်း ရေးသွင်းပြီး အမှုတွဲဖွင့်လှစ်ရမည်။

(ဃ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား မှတ်ပုံတင်ရေးအဖွဲ့နှင့် တွေ့ဆုံမေးမြန်းနိုင်ရေးအတွက် လျှောက်လွှာလက်ခံရရှိသည့် နေ့ရက်၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း သင့်လျော်သည့် နေ့ရက်ကို ချိန်းဆိုရမည်။

(င) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ၏ နေရပ်သည် မှတ်ပုံတင်ရေးအဖွဲ့ရုံးတည်ရှိရာ နေရာနှင့် ဝေးကွာသောနေရာ သို့မဟုတ် သွားလာရေးခက်ခဲသောနေရာဖြစ်ပါက မှတ်ပုံတင်ရေးအဖွဲ့သို့ ချက်ချင်းတင်ပြ၍ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား အမြန်ဆုံး တွေ့ဆုံမေးမြန်းနိုင်ရန် လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၃)
## သက်သေခံလက်မှတ်ထုတ်ပေးခြင်း

၇။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရာတွင် ပုဒ်မ ၃ ပါ မှတ်ပုံတင်ရေးအဖွဲ့ အဖွဲ့ဝင်စုစုပေါင်း ၁၀ ဦးအနက်မှ အနည်းဆုံးငါးဦး ပါဝင်သောအဖွဲ့ဖြင့် ဆောင်ရွက်ရမည်။

(ခ) လွတ်လပ်သော သဘောဆန္ဒအရ လျှောက်ထားခြင်း ဟုတ် မဟုတ် သိရှိနိုင်ရန် ကိုးကွယ်ရာဘာသာ ကူးပြောင်းလိုသူအား တွေ့ဆုံမေးမြန်းရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တွေ့ဆုံမေးမြန်းရာတွင် သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာ သုံးခြင်းနှင့် အနိုင်အထက်ပြုခြင်း သို့မဟုတ် ယင်းသို့ သဘောသက်ရောက်သော အပြောအဆို၊ အပြုအမူတို့ကို ရှောင်ကြဉ်ရမည်။

(ဃ) ပုဒ်မခွဲ (ခ) အရ တွေ့ဆုံမေးမြန်းသိရှိချက်ကို မှတ်တမ်းတင်ပြီး အောက်ပါအချက်များကို ကိုးကွယ်ရာ ဘာသာကူးပြောင်းလိုသူကလေ့လာနိုင်ရေးအတွက် လျှောက်ထားသည့်နေ့မှ ရက်ပေါင်း ၉၀ ထက် မပိုသောကာလကို သတ်မှတ်ပေးရမည် -

(၁) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ အခြေခံသဘော၊

(၂) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့် ပစ္စည်းခန်းခွဲဝေခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းများ၊

(၃) ကူးပြောင်းလိုသည့် ကိုးကွယ်ရာဘာသာ၏ အမွေဆက်ခံခြင်းနှင့် သားသမီးအုပ်ထိန်းခြင်း ဆိုင်ရာ ဓလေ့ထုံးတမ်းများ။

(င) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ကာလကို တိုးမြှင့်ပေးရန် တောင်းဆိုလျှင် ယင်းပုဒ်မခွဲပါ ကာလကုန်ဆုံးသည့် နေ့ရက်မှ နောက်ထပ်ရက်ပေါင်း ၉၀ ထက် မပိုသော ကာလအထိ တိုးမြှင့်ပေးနိုင်သည်။

(စ) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက တောင်းဆိုလျှင် ကူးပြောင်းရန် လျှောက်ထားသည့် ကိုးကွယ်ရာဘာသာနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ (ဃ) ပါ အချက်များကို နှံ့စပ်သူ၊ ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(ဆ) ပုဒ်မခွဲ (ဃ) အရ သတ်မှတ်ရက် သို့မဟုတ် ပုဒ်မခွဲ (င) အရ တိုးမြှင့်ပေးသည့်ရက် ပြည့်သည့် အချိန်တွင် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူကို ထပ်မံတွေ့ဆုံပြီး ဆွေးနွေးရာ၌ ကိုးကွယ်ရာ ဘာသာကူးပြောင်းလိုသူက -

(၁) ကိုးကွယ်ရာဘာသာကူးပြောင်းရန် ဆန္ဒရှိကြောင်း တင်ပြလျှင် သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ရေးသားမှတ်တမ်းတင်ပြီး ထိုသူအား ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ်ထုတ်ပေးရမည်။

(၂) ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုရန် ဆန္ဒမရှိတော့ကြောင်းတင်ပြလျှင် ယင်း၏ တင်ပြချက်ကို သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ရေးသားမှတ်တမ်းတင်ပြီး ကိုးကွယ်ရာဘာသာကူးပြောင်းရန်လျှောက်လွှာကို သိမ်းဆည်းထားရမည်။

(ဇ) ပုဒ်မခွဲ (ဆ) အရ ဆောင်ရွက်ရာတွင် ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူ၏ဆန္ဒကို ယင်းကိုယ်တိုင် စာဖြင့်ရေးသားလက်မှတ်ရေးထိုးစေရမည်။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် ကိုယ်တိုင် စာရေးသားနိုင်ခြင်းမရှိပါက မှတ်ပုံတင်ရေးအဖွဲ့က ရေးသား၍ ပြန်လည်ဖတ်ပြပြီး ယင်းအား လက်မှတ်ရေးထိုးစေခြင်း သို့မဟုတ် လက်ဗွေခတ်နှိပ်စေခြင်း ပြုရမည်။

၈။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူက ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် (င) အရ သတ်မှတ်ရက် အတွင်း ပြန်လည်သတင်းပို့ခြင်းမရှိလျှင် ၎င်းထံ စာဖြင့်နှိုးဆော်အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားသော်လည်း သတင်းပို့ရန် ဆက်လက်ပျက်ကွက်နေပါက လျှောက်ထားသူအား သက်သေခံလက်မှတ်ထုတ်ပေးရခြင်းမရှိကြောင်း သက်ဆိုင်ရာ အမှုတွဲတွင် မှတ်တမ်းတင်ရမည်။

၉။ မှတ်ပုံတင်ရေးအဖွဲ့သည် အောက်ပါအကြောင်းတစ်ခုခုကြောင့် မှတ်ပုံတင်ရေးအဖွဲ့ရုံးသို့ ကိုးကွယ်ရာ ဘာသာကူးပြောင်းလိုသူ ကိုယ်တိုင်လာရောက်ခြင်းမပြုနိုင်လျှင်သော်လည်းကောင်း၊ ဆောလျင်စွာဆောင်ရွက်ရန်

ခိုင်လုံသောအကြောင်းပေါ်ပေါက်လျှင်သော်လည်းကောင်း ပုဒ်မ ၇ ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်ပြီး သက်သေခံလက်မှတ်ထုတ်ပေးနိုင်သည် -

(က) အသက်အရွယ်ကြီးရင့်ပြီး သွားလာရန် ခက်ခဲခြင်း၊

(ခ) ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရခြင်း၊

(ဂ) မသန်စွမ်းဖြစ်ခြင်း။

၁၀။ မှတ်ပုံတင်ရေးအဖွဲ့သည် -

(က) ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ် (၁) အရ သက်သေခံလက်မှတ် ထုတ်ပေးသည့်အခါ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုသူနှင့် ပတ်သက်သော အောက်ပါအချက်များကိုဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေး ဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများသို့ သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်ပုံစံဖြင့် တင်ပြရမည် -

(၁) အမည်၊

(၂) ဖခင်အမည်နှင့် ကိုးကွယ်ရာဘာသာ၊

(၃) ကိုင်ဆောင်သည့် မှတ်ပုံတင်လက်မှတ်အမှတ်၊

(၄) နေရပ်လိပ်စာ၊

(၅) မူလကိုးကွယ်ရာဘာသာ၊

(၆) ကူးပြောင်းခွင့်ပြုသည့် ကိုးကွယ်ရာဘာသာနှင့် သက်သေခံလက်မှတ်ထုတ်ပေးသည့်ရက်စွဲ။

(ခ) တစ်စုံတစ်ဦး၏ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းကြောင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်း -

(၁) လျှောက်ထားသူကိုယ်တိုင်၏ တင်ပြချက်အရ သိရှိရလျှင် သက်သေခံလက်မှတ်ထုတ်ပေးခြင်း မပြုဘဲ မှတ်တမ်းတင်ထားရှိရမည်။

(၂) လျှောက်ထားသူကိုယ်တိုင်က တင်ပြခြင်းမပြုသော်လည်း တစ်နည်းနည်းဖြင့်စိစစ်တွေ့ရှိရသော် စိစစ်တွေ့ရှိချက်ကို လျှောက်ထားသူအား အသိပေးမေးမြန်းပြီး လျှောက်ထားသူက ကိုးကွယ်ရာဘာသာကူးပြောင်းရန် ဆန္ဒရှိကြောင်း ထပ်မံအတည်ပြုပါက အကြောင်းအရာ၊ အချက်အလက်များကို မှတ်တမ်းတင်၍ သက်သေခံလက်မှတ်ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆောင်ရွက်ချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သာသနာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ သာသနာရေးဦးစီးဌာနက သတ်မှတ်သည့်ပုံစံဖြင့် တင်ပြရမည်။

၁၁။ မှတ်ပုံတင်ရေးအဖွဲ့က သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီး သက်သေခံလက်မှတ် ထုတ်ပေးသည့်နေ့ရက် အချိန်မှစ၍ ကိုးကွယ်ရာဘာသာကူးပြောင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ ကိုးကွယ်ရာဘာသာကူးပြောင်းသူသည် သက်သေခံလက်မှတ်ရရှိသည့်အခါ -

(က) ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းကို ကူးပြောင်းသည့် ကိုးကွယ်ရာဘာသာ၏ ဓလေ့ထုံးတမ်းနှင့် အညီ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါအတိုင်း ဆောင်ရွက်ပြီး ကိုးကွယ်ရာဘာသာ ပြောင်းလဲမှတ်တမ်းတင်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ ယင်းသက်သေခံ လက်မှတ်မိတ္တူနှင့်အတူ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၃။ ကိုးကွယ်ရာဘာသာကူးပြောင်းလိုသူသည် သက်သေခံလက်မှတ်ရရှိပြီးနောက် အချိန်ကာလတစ်ခုတွင် ထပ်မံ၍ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုလျှင် ယင်းသက်သေခံလက်မှတ်ကို မှတ်ပုံတင်ရေးအဖွဲ့သို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၄)
## တားမြစ်ချက်

၁၄။ မည်သူမျှ မည်သည့်ဘာသာသာသနာကိုမဆို စော်ကားရန်၊ အကြည်ညိုပျက်စေရန် သို့မဟုတ် အလွဲသုံးစားပြုရန် အကြံဖြင့် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းမပြုရ။

၁၅။ မည်သူမျှ သူတစ်ဦးတစ်ယောက်ကို ကိုးကွယ်ရာဘာသာကူးပြောင်းရန် ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်း မပြုရ။

၁၆။ မည်သူမျှ သူတစ်ဦးတစ်ယောက်၏ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းကို ဟန့်တားခြင်း၊ ပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

## အခန်း (၅)
## ပြစ်ဒဏ်

၁၇။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၀။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က ယင်းပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် မူရင်းပြဋ္ဌာန်းသော အမြင့်ဆုံးထောင်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၆)
## အထွေထွေ

၂၁။ မှတ်ပုံတင်ရေးအဖွဲ့၏ ရုံးလုပ်ငန်းကိစ္စအဝဝကို သက်ဆိုင်ရာ မြို့နယ်သာသနာရေးမှူးရုံးက ဆောင်ရွက်ရမည်။ မြို့နယ်သာသနာရေးမှူးရုံး မရှိပါက မြို့နယ်သာသနာရေးမှူး၏ တာဝန်ကို ပူးတွဲထမ်းဆောင်သော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ရမည်။

၂၂။ မှတ်ပုံတင်ရေးအဖွဲ့သည် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ အမှုတွဲနှင့် မှတ်တမ်းများကို လုံခြုံစွာထိန်းသိမ်းထားရှိရမည်။

၂၃။ (က) ပြည်ပရှိ မြန်မာနိုင်ငံသားများသည် ကိုးကွယ်ရာဘာသာကူးပြောင်းလိုပါက သက်ဆိုင်ရာ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်းကောင်း၊ မိမိနေထိုင်သည့် နိုင်ငံတွင် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့ မရှိပါက အနီးဆုံးနိုင်ငံရှိ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(ခ) သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံးအရာရှိနှင့် ကောင်စစ်ဝန်တို့သည် ပုဒ်မခွဲ (က) အရ ဆက်သွယ်ပါက ပုဒ်မ ၆ ၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) မှ (ဇ) အထိ၊ ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၂၂ တို့ပါ ကိစ္စရပ်များကို လိုအပ်သလို ဆောင်ရွက်ရမည်။

၂၄။ သက်ဆိုင်ရာကိုးကွယ်ရာဘာသာအရ ဆောင်ရွက်သော သာသနာပြုလုပ်ငန်းများသည် ပုဒ်မ ၁၅ ပါ သွေးဆောင်ခြင်းဆိုသည့် စကားရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၅။ ဤဥပဒေအရ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းသည် နိုင်ငံသားဖြစ်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၆။ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရသာ ဆောင်ရွက်ရမည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သာသနာရေးဝန်ကြီးဌာနနှင့် သာသနာရေးဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

**လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ (မူကြမ်း)

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။ )**

၁၃၇၆ ခုနှစ်၊  လ  ရက်

( ၂၀၁၄ ခုနှစ်၊  လ  ရက် )

### နိဒါန်း

နိုင်ငံတော်အတွင်း ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး လူနေမှုဘဝမြင့်မားစေရေး၊ အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာရရှိစေရေး၊ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဦးတည်၍ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်း**ဆိုသည်မှာ နိုင်ငံတော်အတွင်း လူဦးရေသိပ်သည်းမှုများပြားခြင်း၊ လူဦးရေတိုးနှုန်းမြင့်တက်ခြင်းနှင့် ကလေးမွေးဖွားနှုန်းမြင့်မားခြင်းတို့ မဖြစ်စေရန် ထိန်းညှိခြင်းကို ဆိုသည်။

(ခ) **ကျန်းမာရေးစောင့်ရှောက်မှု**ဆိုရာတွင် အန္တရာယ်ကင်းသော မိခင်နှင့်ကလေးဘဝရရှိစေရန် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သားပျက်သားလျှောမှုနှင့် ယင်းကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများကို ကာကွယ်ခြင်းနှင့် ယင်းတို့အတွက်အသိပညာပေးခြင်းများပါဝင်သည်။

(ဂ) **သားဆက်ခြားခြင်း**ဆိုသည်မှာ အိမ်ထောင်ရှင်မိခင်တစ်ဦး ကလေးမွေးဖွားပြီးနောက် အနည်းဆုံး ၃၆ လ ခြားပြီးမှ နောက်ထပ်ကလေးမွေးဖွားခြင်းကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနတစ်ခုခုကို ဆိုသည်။

(စ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုနယ်မြေလူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့လည်း ပါဝင်သည်။

(ဆ) **မြို့နယ်အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြို့နယ်လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်မည့် ဒေသသတ်မှတ်ခြင်း

၃။ ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့သည် မိမိတို့ဒေသအတွင်း လူဦးရေသိပ်သည်းမှု များပြားခြင်း၊ လူဦးရေတိုးနှုန်းမြင့်တက်ခြင်း၊ ကလေးမွေးဖွားနှုန်းမြင့်မားခြင်း၊ မိခင်နှင့် ကလေးသေနှုန်းမြင့်မားခြင်းနှင့် ပြောင်းရွှေ့ဝင်ရောက်နှုန်း မြင့်မားခြင်းတို့ကြောင့် လူဦးရေနှင့် သယံဇာတအရင်းအမြစ် အချိုးညီမျှမှုမရှိခြင်း၊ လူမှုစီးပွားရေးအညွှန်းကိန်းများ နိမ့်ကျခြင်းနှင့် ဒေသတွင်း စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းတို့ ပေါ်ပေါက်ခြင်း ရှိ မရှိ သိရှိသုံးသပ်နိုင်ရန် ကျွမ်းကျင်သူများ၏ အကူအညီရယူ၍ စစ်တမ်းကောက်ယူနိုင်သည်။

၄။ ပုဒ်မ ၃ ပါ အချက်များ ပေါ်ပေါက်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့သည် နိုင်ငံတော်သမ္မတထံလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည်။

၅။ ပုဒ်မ ၄ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနယ်မြေအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာဒေသအတွက်လည်းကောင်း ဤဥပဒေ

အရ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရမည့် အထူးဒေသအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည်။

၆။ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် အထူးဒေသအဖြစ် သတ်မှတ်လျှင် -

(က) ဝန်ကြီးဌာနသည် ယင်းအထူးဒေသများအတွက် မိမိ၏ လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့ကို ဖွဲ့စည်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၇။ (က) ကျန်းမာရေးစောင့်ရှောက်မှုကို ဤဥပဒေအရ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ကြောင်း တွေ့ရှိရပါက ပြည်ထောင်စုနယ်မြေဖြစ်လျှင် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်ရေးအဖွဲ့က နိုင်ငံတော်သမ္မတထံလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရမည့်အထူးဒေသအဖြစ် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၃)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၈။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သို့ အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ လိုအပ်သလို လမ်းညွှန်ခြင်း၊

(ခ) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် ဦးစီးဌာနများနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဂ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပြည်တွင်းပြည်ပစေတနာရှင်များထံမှ လှူဒါန်းမှုများကို လက်ခံခြင်း၊ အကူအညီရယူခြင်းနှင့် လက်ခံရရှိသောဆေးဝါး၊ ငွေနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုရန် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) လက်ခံရရှိသောဆေးဝါးများ အရည်အသွေးပြည့်မီခြင်း ရှိ မရှိနှင့် အသုံးပြုရန် သင့် မသင့် စစ်ဆေးခြင်း၊

(င) ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဖြန့်ဖြူးခြင်း၊

(စ) ကျန်းမာရေးစောင့်ရှောက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည့်သူများ၏ အရည်အသွေးတိုးတက်မြင့်မားစေရန် စီမံဆောင်ရွက်ခြင်း၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူဦးရေပြောင်းလဲမှုတို့ အပြန်အလှန် ဆက်စပ်မှုကို သုတေသနပြုခြင်း။

## အခန်း (၄)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ (က) ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် အထူးဒေသနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | လူမှုရေးဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ဦးစီးဌာနမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ပညာရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| (၅) | ဦးစီးဌာနမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးစီးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး | အဖွဲ့ဝင် |
| (၇) | ဆေးရုံအုပ်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး | အဖွဲ့ဝင် |
| (၈) | သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး | အဖွဲ့ဝင် |
| (၉) | ကလေးအထူးကုဆရာဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး | အဖွဲ့ဝင် |
| (၁၀) | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံဆရာဝန်အသင်း | အဖွဲ့ဝင် |
| (၁၃) | အုပ်ချုပ်ရေးမှူးများ<br>သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဦးစီးဌာနမှူးများ<br>သက်ဆိုင်ရာခရိုင်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယဦးစီးဌာနမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် ပြည်ထောင်စုနယ်မြေအတွက် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၀။ ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့သည် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေအတွက် ပြည်ထောင်စုနယ်မြေ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို သင့်လျော်သလို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၁၁။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) မြို့နယ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ဆန်းစစ်ခြင်း၊

(ဂ) မြို့နယ်အဖွဲ့၏ အစီရင်ခံတင်ပြချက်များအပေါ် လိုအပ်သလို ပြန်လည်ညွှန်ကြားခြင်း၊

(ဃ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ဝန်ကြီးဌာနကဖြန့်ဝေသော ဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လက်ခံရယူခြင်း၊ ဖြန့်ဖြူးခြင်းနှင့် မှတ်တမ်းပြုစုခြင်း၊

(စ) ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လှူဒါန်းမှုများကို လက်ခံခြင်း၊ အကူအညီရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လက်ခံရရှိသော ဆေးဝါး၊ ငွေနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြုရန် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှု ခံယူရမည့်သူများ လိုက်နာရန်အချက်များ သတ်မှတ်ခြင်းနှင့် ကျန်းမာရေးအသိပညာ တိုးတက်လာစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဈ) ပြည်သူလူထု၏ပူးပေါင်းဆောင်ရွက်မှုတိုးမြင့်စေရေးအတွက် သတင်းအချက်အလက်ဖြန့်ဖြူးခြင်းနှင့် အသိပညာပေးခြင်း၊

(ည) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)
## မြို့နယ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၂။ ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် အထူးဒေသနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သည် သက်ဆိုင်ရာမြို့နယ်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သော မြို့နယ်လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းရမည် -

(က) အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(ခ) ဦးစီးဌာနမှူး
မြို့နယ်ကျန်းမာရေးဦးစီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ဦးစီးဌာနမှူး — အဖွဲ့ဝင်
မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဃ) မြို့နယ်ပညာရေးမှူး — အဖွဲ့ဝင်
မြို့နယ်ပညာရေးမှူးရုံး

(င) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြို့နယ်အမျိုးသမီးရေးရာအဖွဲ့

(စ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့

(ဆ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ

(ဇ) သက်ဆိုင်ရာမြို့နယ်မှ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဆရာဝန်တစ်ဦး — အဖွဲ့ဝင်

(ဈ) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦး — အတွင်းရေးမှူး

၁၃။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ မြို့နယ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မြို့ပြနှင့် ကျေးလက်ဒေသတွင် နေထိုင်သူများအတွက် အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများကို ပြည်သူများအား အခမဲ့ဖြန့်ဝေခြင်း၊

(ဃ) ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊

(င) အိမ်ထောင်ရှင် ဇနီးမောင်နှံများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသိပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်း၊

(စ) မိခင်နှင့်ကလေးများ၏ ကျန်းမာရေးတိုးတက်စေရေးအတွက် အိမ်ထောင်ရှင်ဇနီးမောင်နှံများကို သားဆက်ခြားခြင်းနည်းလမ်းများကို ကျင့်သုံးစေရန် ပညာပေးစည်းရုံးဆောင်ရွက်ခြင်း၊

(ဆ) ပျိုရွယ်သူမျိုးပွားကျန်းမာရေး ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်များကို လူငယ်လူရွယ်များ သိရှိလက်လှမ်းမီစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဇ) သားဆက်ခြားခြင်းနှင့် ဆိုင်သော သတင်းအချက်အလက်များကို အများပြည်သူကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသိပညာပေးခြင်း၊

(ဈ) လှူဒါန်းသော ငွေ၊ ဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လက်ခံခြင်း၊ စနစ်တကျ သုံးစွဲခြင်းနှင့် မှတ်တမ်းများထားရှိခြင်း၊

(ည) လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သို့ လစဉ် အစီရင်ခံစာတင်ပြခြင်း၊

(ဋ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)

## အထွေထွေ

၁၄။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့နှင့် မြို့နယ်အဖွဲ့များ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၁၅။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော ဝန်ထမ်းများဖြင့် ရုံးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) မြို့နယ်ကျန်းမာရေးဦးစီးဌာနသည် မြို့နယ်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော ဝန်ထမ်းများဖြင့် ရုံးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၆။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ပြည်သူ့ဝန်ထမ်းများအဖြစ် မှတ်ယူရမည်။

၁၇။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ပူးပေါင်းကူညီဆောင်ရွက်ရမည်။

၁၈။ ဤဥပဒေအရ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရမည့်အထူးဒေသမဟုတ်သောဒေသတွင် ဝန်ကြီးဌာနကဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မသက်ဆိုင်စေရ။

၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ဦးစီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၁၁/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

## မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့လာသော **မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

နောက်ဆက်တွဲ (က)

# မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ (မူကြမ်း)

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။ )

၁၃၇၆ ခုနှစ်၊  လ  ရက်

( ၂၀၁၄ ခုနှစ်၊  လ  ရက် )

## နိဒါန်း

မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ သားသမီးထိန်းသိမ်းခြင်း စသည့်တို့နှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို မျှတစွာရရှိခံစားနိုင်ရန်နှင့် ထိရောက်သည့် ကာကွယ်မှုပေးနိုင်ရန် ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **“မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ”** ဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့နှင့် သက်ဆိုင်စေရမည်။

(ခ) ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယား ကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ဤဥပဒေအရ ဆုံးဖြတ်ရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **“နိုင်ငံသား”** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားအဖြစ် ဖော်ပြထားသည့် မြန်မာ နိုင်ငံသားကို ဆိုသည်။

(ခ) **“ဗုဒ္ဓဘာသာဝင်မိန်းမ”** ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သည့်အပြင် ဗုဒ္ဓဘာသာ ကိုးကွယ်သောမိန်းမ သို့မဟုတ် ဗုဒ္ဓဘာသာကိုးကွယ်သောမိဘတို့မှ မွေးဖွားသော မိန်းမကို ဆိုသည်။ သို့ရာတွင် ထိုမိန်းမသည် ဗုဒ္ဓဘာသာမှ အခြားဘာသာတစ်ခုခုသို့ အထင်အရှားကူးပြောင်း၍ ထိုအခြားဘာသာကို တရားဝင်ကူးပြောင်းကိုးကွယ်လျက်ရှိလျှင် ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှ မွေးဖွားသည်ဟူသော အကြောင်းသက်သက်ကြောင့် ဗုဒ္ဓဘာသာဝင်မိန်းမဖြစ်သည်ဟု မမှတ်ယူရ။

(ဂ) **“မှတ်ပုံတင်အရာရှိ”** ဆိုသည်မှာ ဤဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

## အခန်း (၂)

## ဤဥပဒေနှင့် မသက်ဆိုင်သူများ

၄။ ဗုဒ္ဓဘာသာဝင်အချင်းချင်းထိမ်းမြားခြင်းနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူအချင်းချင်း ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၅။ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်ယောကျ်ားတို့ ထိမ်းမြားခြင်းသည် မြန်မာဓလေ့ထုံးတမ်း ဥပဒေနှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေတို့နှင့် သက်ဆိုင်သည်။

၆။ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်ယောက်ျားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ အမွေဆက်ခံရေး၊ ပစ္စည်းခွဲဝေရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် ပတ်သက်သည့် အငြင်းပွားမှုများကို မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတို့အရ ဆုံးဖြတ်ရမည်။

၇။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောက်ျားတို့ ထိမ်းမြားခြင်းသည် ၎င်းတို့နှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတို့နှင့် သက်ဆိုင်သည်။

၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောက်ျားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ အမွေဆက်ခံရေး၊ ပစ္စည်းခွဲဝေရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် ပတ်သက်သည့် အငြင်းပွားမှုများကို ၎င်းတို့နှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတို့အရ ဆုံးဖြတ်ရမည်။

## အခန်း (၃)
## ဤဥပဒေအရ ထိမ်းမြားနိုင်သူများ

၉။ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောက်ျားတစ်ဦးနှင့် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့သည် အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံလျှင် ဤဥပဒေအရ ထိမ်းမြားနိုင်သည် -

(က) နှစ်ဦးစလုံးမှာ စိတ်ပေါ့သွပ်သူများ မဖြစ်စေရ၊

(ခ) သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့အရ မဟုတ်ဘဲ မိမိတို့၏ လွတ်လပ်သော ဆန္ဒအရ ထိမ်းမြားရန် သဘောတူညီခြင်းဖြစ်ရမည်၊

(ဂ) အသက် ၂၀ နှစ် မပြည့်သေးသည့် မိန်းမဖြစ်လျှင် မိဘ၏ သဘောတူညီချက်ကိုသော်လည်းကောင်း၊ မိဘတို့သေဆုံးပါမူ အမှန်အုပ်ထိန်းသူ သို့တည်းမဟုတ် တရားဥပဒေအရ အုပ်ထိန်းသူရှိလျှင် ထိုအုပ်ထိန်းသူ၏ သဘောတူညီချက်ကိုသော်လည်းကောင်း ရရှိပြီးဖြစ်ရမည်။

(ဃ) မိန်းမသည် မပြတ်စဲသော တရားဝင်လင်ယောက်ျား မရှိစေရ၊

(င) ယောက်ျားသည် မပြတ်စဲသော တရားဝင်မိန်းမ မရှိစေရ။

## အခန်း (၄)
## ဤဥပဒေအရထိမ်းမြားခြင်း

၁၀။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် ဤဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိ ဖြစ်သည်။

၁၁။ ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောက်ျားတစ်ဦးတို့ ထိမ်းမြားရန် ရည်ရွယ်သည့်အခါ ၎င်းတို့တစ်ဦးဦး နေထိုင်လျက်ရှိသည့် ဒေသရှိ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ထားသည့် ပုံစံဖြင့် ၎င်းတို့တစ်ဦးဦးက လျှောက်ထားနိုင်သည်။

၁၂။ လျှောက်လွှာနှင့်အတူ အခန်း (၃) ပုဒ်မ ၉ ပါ အချက်များ ပြည့်စုံမှန်ကန်ကြောင်း လျှောက်ထားသူတို့၏ ဝန်ခံချက်ပါရှိသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရမည်။

၁၃။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောက်ျားသည် လျှောက်လွှာတွင်ဖော်ပြထားသည့် အချက်များမှန်ကန်ကြောင်းကို မှတ်ပုံတင်အရာရှိနှင့် သက်သေနှစ်ဦးတို့ရှေ့တွင် လက်မှတ်ထိုးရမည်။

၁၄။ (က) မှတ်ပုံတင်အရာရှိသည် -

(၁) လျှောက်လွှာမိတ္တူတစ်စောင်ကို မိမိ၏ရုံးရှိ အများမြင်သာသည့်နေရာ၌ ကပ်ရမည့်အပြင်၊

(၂) တရားမကျင့်ထုံးဥပဒေအရ သမ္မန်စာများ သို့မဟုတ် နို့တစ်စာများချအပ်သည့် နည်းလမ်းနှင့်အညီ -

(ကက) ထိမ်းမြားမည့်မိန်းမသည် အသက် ၂၀ နှစ် မပြည့်သေးလျှင် ၎င်းမိဘ သို့မဟုတ် အုပ်ထိန်းသူထံလည်းကောင်း၊

(ခခ) မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့် ယောကျ်ားထံလည်းကောင်း၊

(ဂဂ) ယောကျ်ားသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့် မိန်းမထံလည်းကောင်း ပေးပို့၍ အကြောင်းကြားရမည်။

(ခ) လျှောက်လွှာမိတ္တူပေးခြင်းခံရမည့်သူ တစ်ဦးတစ်ယောက်၏ နေရပ်သည် မှတ်ပုံတင်အရာရှိ၏ စီရင်ပိုင်ခွင့်အာဏာနယ်နိမိတ်ပြင်ပတွင်ရှိလျှင် မှတ်ပုံတင်အရာရှိသည် မိတ္တူတစ်စောင်ကို ထိုသူထံ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ဖြစ်စေ၊ လူလွှတ်၍ဖြစ်စေ ပေးပို့နိုင်သည်။

၁၅။ ထိမ်းမြားရန် ရည်ရွယ်ကြောင်း လျှောက်လွှာမိတ္တူကို ပုဒ်မ ၁၄ အရ ပေးပြီးနောက် ၁၄ ရက်ကြာသည့်အခါ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၈ တို့အရ ကြိုတင်ကန့်ကွက်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိက လျှောက်ထားသူတို့ကို ထိမ်းမြားပေးနိုင်သည်။

၁၆။ ပုဒ်မ ၁၁ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၉ ပါ အချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် မည်သူမဆို မှတ်ပုံတင်အရာရှိထံ လိပ်မူ၍ ထိုသူအား ထိမ်းမြားခြင်းမပြုစေရန် စာဖြင့်ရေးသားကန့်ကွက်နိုင်သည်။

၁၇။ (က) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာရရှိသောအခါ ကန့်ကွက်သူအား စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ လျှောက်ထားရန် ညွှန်ပြပြီး တရားရုံး၏ အမိန့်ရရှိသည့်နေ့အထိ ထိမ်းမြားခြင်းကို ရွှေ့ဆိုင်းထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ စီရင်ပိုင်ခွင့်အာဏာရတရားရုံးသည် မှတ်ပုံတင်အရာရှိ၏ ရုံးတည်ရှိရာဒေသရှိ မြို့နယ်တရားရုံးဖြစ်ရမည်။

၁၈။ (က) ပုဒ်မ ၁၁ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၉ ပါ အချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ ကန့်ကွက်သူက လျှောက်လွှာတင်သွင်းနိုင်သည်။

(ခ) တရားရုံးက ထိုလျှောက်လွှာရရှိကြောင်း သက်သေခံလက်မှတ်တစ်စောင်ကို ကန့်ကွက်သူအား ပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် -

(၁) ပုဒ်မခွဲ (ခ) အရ ပေးသည့် သက်သေခံလက်မှတ်ကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ကန့်ကွက်သူက တင်သွင်းလျှင် တရားရုံးမှ ထိမ်းမြားခွင့်ရှိသည့် အမိန့်ကို မရရှိမီ ထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားမပေးရ။

(၂) သတ်မှတ်ထားသည့်ကာလအတွင်း ကန့်ကွက်သူက သက်သေခံလက်မှတ်ကို မတင်သွင်းလျှင် ထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားပေးရမည်။

(ဃ) တရားရုံးသည် လျှောက်လွှာနှင့် ကျမ်းကျိန်လွှာတို့တွင်ပါရှိသည့် အချက်များနှင့် နှစ်ဖက်အမှုသည်များ တင်ပြသည့် သက်သေခံချက်တို့ကို အကျဉ်းနည်းဖြင့် စစ်ဆေးကြားနာပြီးနောက်

လျှောက်ထားသူတို့သည် ထိမ်းမြားနိုင်ခွင့်ရှိ မရှိ အမိန့်ချမှတ်ရမည်။ ထိုအမိန့်သည် အပြီးသတ်ဖြစ်ရမည်။

(င) တရားရုံးသည် မိမိချမှတ်သောအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ ချက်ချင်းပို့ရမည်။

(စ) (၁) ထိမ်းမြားနိုင်ခွင့်ရှိသည်ဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားပေးရမည်။

(၂) ထိမ်းမြားနိုင်ခွင့်မရှိဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမပေးရ။

၁၉။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၅ သို့မဟုတ် ပုဒ်မ ၁၈ အရ ထိမ်းမြားသောအခါ သက်သေနှစ်ဦးရှေ့တွင် လျှောက်ထားသူတို့ကို ထိမ်းမြားပေးရမည်။ ထိမ်းမြားမည့်သူများသည် မှတ်ပုံတင်အရာရှိနှင့် သက်သေများရှေ့တွင် "ကျွန်ုပ်တို့သည် တရားဝင်လင်မယားအဖြစ် ပေါင်းဖက်ပါမည်" ဟူ၍ မြွက်ဟကြေညာရမည်။

၂၀။ ပုဒ်မ ၁၉ အရ ထိမ်းမြားသည့်အခါ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သော အကြောင်းအရာများကို "ထိမ်းမြားမှုသက်သေခံမှတ်ပုံတင်စာအုပ်" ၌ ရေးသွင်းရမည်။ ထိုမှတ်ပုံတင်စာအုပ်တွင် ထိမ်းမြားသူများ၊ သက်သေများနှင့် မှတ်ပုံတင်အရာရှိတို့က လက်မှတ်ရေးထိုးရမည်။

၂၁။ မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမှုသက်သေခံလက်မှတ် မူရင်းခဲ့ ၄ စောင်ပြုလုပ်၍ တစ်စောင်စီကို ထိမ်းမြားသူတို့အား ပေးအပ်ရမည်။ အကယ်၍ မိန်းမသည် အသက် ၂၀ နှစ်မပြည့်သေးလျှင် ၎င်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူအားပေးအပ်ရမည်။ တတိယတစ်စောင်ကို ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် အမြဲသိမ်းထားရန် ပေးပို့ရမည်။ စတုတ္ထတစ်စောင်နှင့် ထိမ်းမြားခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ ထိမ်းမြားမှုဆိုင်ရာ မှတ်ပုံတင်စာအုပ်တွင် တွဲထားရမည်။

၂၂။ ထိမ်းမြားမှုသက်သေခံမှတ်ပုံတင်စာအုပ်နှင့် ထိမ်းမြားခြင်းဆိုင်ရာ အခြားစာတမ်းအမှတ်အသားများကို သင့်လျော်သည့်အခါများ၌ ကြည့်ရှုခွင့်ပြုရမည့်ပြင် ထိုစာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများကို ရလိုကြောင်း လျှောက်ထားသည့်အခါ လျှောက်ထားသူကသတ်မှတ်ထားသည့်အခကြေးငွေကိုပေးဆောင်လျှင် မှတ်ပုံတင်အရာရှိက ထုတ်ပေးရမည်။

၂၃။ ဤဥပဒေအရ ထိမ်းမြားခြင်းနှင့်ဆိုင်သည့် စာတမ်းအမှတ်အသားများ၏ တာဝန်ခံ မိတ္တူများတွင် ပါရှိသည့် အကြောင်းအရာများသည် မှန်သည်ဟု သက်သေခံအဖြစ် လက်ခံရမည်။ နောက်ထပ် သက်သေထင်ရှားပြရန်မလို။

## အခန်း (၅)
## ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ား လိုက်နာရမည့်အချက်များ

၂၄။ ဤဥပဒေအရ ထိမ်းမြားခဲ့သည့် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရသည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် ဗုဒ္ဓဘာသာဝင်မိန်းမ၏ ယုံကြည်ကိုးကွယ်မှုနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာရမည် -

(က) ဗုဒ္ဓဘာသာဝင်မိန်းမအား ၎င်းသက်ဝင်ယုံကြည်သည့်ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုခြင်း၊

(ခ) ဗုဒ္ဓဘာသာဝင်မိန်းမနှင့်ရရှိသည့် သားသမီးများ၏သဘောဆန္ဒအတိုင်း ၎င်းတို့သက်ဝင်ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုခြင်း၊

(ဂ) လင်နှင့်မယားတို့နေထိုင်သည့်အိမ်တွင် ဗုဒ္ဓဘာသာဝင်မိန်းမက ဘုရားရုပ်ပွားတော်များ၊ ဘုရားပုံတော်များ ထားရှိကိုးကွယ်ခြင်းကို ခွင့်ပြုခြင်း၊

(ဃ) ဗုဒ္ဓဘာသာဝင်မိန်းမက ဘာသာရေးအရ အလှူဒါနပြုလုပ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်း၊ ဘုရားကျောင်းကန်များသို့ သွားရောက်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗုဒ္ဓစာပေများ လေ့လာဖတ်ရှုခြင်းတို့ကို ခွင့်ပြုရခြင်း၊

(င) ဗုဒ္ဓဘာသာဝင်မိန်းမကို နည်းအမျိုးမျိုးဖြင့် ဗုဒ္ဓဘာသာကို စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာဘာသာသို့ ကူးပြောင်းစေမှု မပြုရခြင်း၊

(စ) ဗုဒ္ဓဘာသာကို စော်ကားရန်အကြံဖြင့် ကိုးကွယ်ဝတ်ပြုသောနေရာကိုသော်လည်းကောင်း၊ အထွဋ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း ဖျက်ဆီးရန် သို့မဟုတ် ပျက်စီးနစ်နာစေရန် သို့မဟုတ် ယုတ်ညံ့စေရန် မပြုရခြင်း၊

(ဆ) ဗုဒ္ဓဘာသာဝင်များ၏ ဘာသာရေးစိတ်ကို နာကြည်းစေရန် တမင်မသမာသောအကြံနှင့် စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ စော်ကားမှု မပြုရခြင်း။

၂၅။ ဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းက မည်သို့ပင်ဆိုစေကာမူ ဤဥပဒေအရ ထိမ်းမြားခဲ့သည့် ဗုဒ္ဓဘာသာဝင် မဟုတ်သည့်ယောကျ်ားသည် ပုဒ်မ ၂၄ တွင် ပြဋ္ဌာန်းထားသည့် အချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားကို ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ထိုမိန်းမက ထိုယောကျ်ားကို ကွာရှင်းလျှင် -

(က) ထိုယောကျ်ားသည် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သောအစုကို စွန့်လွှတ်ရမည့်အပြင် ဗုဒ္ဓဘာသာဝင်မိန်းမအား လျော်ကြေးပေးရမည်။

(ခ) ဗုဒ္ဓဘာသာဝင်မိန်းမသည် သားသမီးအားလုံးကို ထိန်းသိမ်းခွင့်ရရှိမည်။

(ဂ) ထိုယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

## အခန်း (၆)
## ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟု မှတ်ယူရခြင်း

၂၆။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့ ပေါင်းဖက်နေထိုင်ပြမူကြပုံသည် အကယ်၍ ထိုသူနှစ်ဦးစလုံး ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ခဲ့သော် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ပြုမူကြပုံမျိုးဖြစ်လျှင် -

(က) ထိုသူတို့သည် ထိုသို့ ပေါင်းဖက်စကပင် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည့်ပြင် ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟုလည်း မှတ်ယူရမည်။

(ခ) ထိုလင်မယားသည် စတင်ပေါင်းဖက်သည့်နေ့မှစ၍ မည်သည့်အခါတွင်မဆို ဤဥပဒေအရ မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ ထိုအခါ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၉ အရ ထိုသူတို့ကို မိမိက ထိမ်းမြားပေးဘိသကဲ့သို့ ပုဒ်မ ၂၀ နှင့် ၂၁ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

## အခန်း (၇)
## မှတ်ပုံတင်အရာရှိက ထိမ်းမြားပေးခြင်း

၂၇။ (က) ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားတစ်ဦးတို့သည် ဤဥပဒေအရ မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိလျှင် မိန်းမနေထိုင်ရာဒေသရှိ မှတ်ပုံတင်အရာရှိထံ မိန်းမ သို့မဟုတ် ၎င်း၏မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးတစ်ဦးဦးက ထိုအကြောင်းကို သတင်းပေးနိုင်သည်။ မှတ်ပုံတင်အရာရှိသည် သတင်းပေးချက်ကို ရေးမှတ်ထားပြီး သတင်းပေးသူကို လက်မှတ်ရေးထိုးစေရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် -

(၁) ပုဒ်မခွဲ (က) အရ သတင်းပေးချက်ကို ရရှိသည့်အခါ သတင်းပေးချက်ကို ရေးမှတ်ပြီး သတင်းပေးသူအား လက်မှတ်ရေးထိုးစေခြင်း၊ မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိသော ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောက်ျားတို့ကို သတ်မှတ်သည့် နေ့ရက်တွင် လာရောက်ရန် ဆင့်ခေါ်ခြင်းပြုရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ဆင့်ခေါ်ခြင်းခံရသူ နှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန်ဆန္ဒရှိပါက ပုဒ်မ ၁၉ ပါ နည်းလမ်းအတိုင်း ထိမ်းမြားပေးပြီး ပုဒ်မ ၂၀ နှင့် ၂၁ တို့နှင့်အညီဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲငယ် (၁) အရ ဆင့်ခေါ်ခြင်းခံရသူတစ်ဦးကဖြစ်စေ၊ နှစ်ဦးလုံးကဖြစ်စေ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ဆန္ဒမရှိလျှင် သို့မဟုတ် လာရောက်ခြင်းမရှိလျှင် ပုဒ်မ ၁၆ အရ စီရင်ပိုင်ခွင့် အာဏာရတရားရုံးသို့ သတင်းပေးချက်နှင့်အတူ အစီရင်ခံစာပေးပို့ရမည်။

(ဂ) အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ တရားရုံးသည် အစီရင်ခံစာကို ရရှိသောအခါ နည်းလမ်းတကျစွဲဆိုသည့် တရားမမှုဖြစ်ဘိသကဲ့သို့ နှစ်ဖက်အမှုသည်များကိုလည်းကောင်း၊ ၎င်းတို့တင်ပြသည့် သက်သေခံချက်ကိုလည်းကောင်း အကျဉ်းနည်းဖြင့်စစ်ဆေးကြားနာပြီးနောက် ထိုသူတို့သည် ပုဒ်မ ၂၆ ပုဒ်မခွဲ (က) အရ လင်မယား ဟုတ် မဟုတ် အမိန့်ချမှတ်ရမည်။ စရိတ်နှင့် စပ်လျဉ်း၍ တရားရုံးက သင့်သည် ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က) အရ ပေါင်းဖက်လျက်ရှိသူ -

(၁) တစ်ဦးဦးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့်အမှုတွင် မှတ်ပုံတင်လိုသူအား တရားလိုဟူ၍လည်းကောင်း၊ မှတ်ပုံမတင်လိုသူအား တရားပြိုင်ဟူ၍လည်းကောင်း မှတ်ယူရမည်။

(၂) နှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့်အမှုတွင် သတင်းပေးသူအားတရားလိုဟူ၍လည်းကောင်း၊ မှတ်ပုံမတင်လိုသူနှစ်ဦးအား တရားပြိုင်များဟူ၍လည်းကောင်းမှတ်ယူရမည်။

(င) တရားရုံးသည် အမိန့်မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ချက်ချင်းပေးပို့ရမည်။

(စ) တရားရုံးက ထိုယောက်ျားနှင့် မိန်းမတို့သည် ပုဒ်မ ၂၆ ပုဒ်မခွဲ (က) အရ လင်မယားဖြစ်သည်ဟု ဆုံးဖြတ်လျှင် မှတ်ပုံတင်အရာရှိသည် တရားရုံးအမိန့်အတိုင်း ထိမ်းမြားမှုသက်သေခံမှတ်ပုံတင်စာအုပ်တွင် သက်ဆိုင်သည့် အကြောင်းအရာများကို ရေးသွင်း၍ လက်မှတ်ထိုးပြီးနောက် ပုဒ်မ ၂၁ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ဆ) မြို့နယ်တရားရုံးမှ ချမှတ်သောအမိန့်ကို စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်တရားရုံး၌ အယူခံဝင်ခွင့်ရှိစေရမည်။ ခရိုင်တရားရုံးက ချမှတ်သောအမိန့်သည် အပြီးသတ်ဖြစ်ရမည်။

## အခန်း (၈)

## ဤဥပဒေအရ ထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရခြင်း

၂၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောက်ျားက ဗုဒ္ဓဘာသာဝင်မိန်းမကို ထိမ်းမြားရန်ကတိပြုလျှင် ထိုယောက်ျားသည် ထိုမိန်းမကို ဤဥပဒေအရ ထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရမည်။

၂၉။ ဟိန္ဒူဘာသာ၊ ဆ(ခ်)ဘာသာ၊ ဂျိန်းဘာသာ တစ်ရပ်ရပ်ကို ကိုးကွယ်သော ပစ္စည်းမခွဲဝေရသေးသည့် မိသားစုဝင် ယောက်ျားသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူသည် ထိုမိသားစုမှ ခွဲခွာပြီဟု မှတ်ယူရမည်။ ထို့ပြင် ပစ္စည်းခွဲဝေခြင်းမပြုမီ ထိုသူသေဆုံးလျှင် ၎င်းပိုင်သည့် ဆိုင်ရာဆိုင်ခွင့်သည် ထိုသူ၏ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် သားသမီးများသို့ သက်ရောက်ရမည်။

## အခန်း (၉)

## ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အိမ်ထောင်ရေးကိစ္စများကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရဆုံးဖြတ်ရခြင်း

၃၀။ ဤဥပဒေအရ ထိမ်းမြားသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟုမှတ်ယူခြင်းခံရသူတို့နှင့် ၎င်းတို့၏ တရားဝင် လင်၊ တရားဝင် မယားနှင့် တရားဝင် သားသမီးအားလုံး၏ ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့် အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ကိစ္စအားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရမည်။

၃၁။ လင်မယားကွာရှင်းမှု၊ ပစ္စည်းခွဲဝေမှုနှင့် သားသမီးထိန်းသိမ်းမှုတို့နှင့် သက်ဆိုင်သည့် မြန်မာဓလေ့ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ထိမ်းမြားကြသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့အပေါ်တွင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ အာဏာသက်ရောက်ရမည်။

၃၂။ သို့ရာတွင် ဘာသာရေး၊ ဓလေ့ထုံးတမ်းတစ်ခုခုကဖြစ်စေ ထိုသို့သော ဘာသာရေး၊ ဓလေ့ထုံးတမ်းကို အကျိုးသက်ရောက်စေသည့် ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားတစ်ဦးအား ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောကျ်ားက မိန်းမကို ကွာရှင်းလိုလျှင် ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ယောကျ်ားက မိန်းမကို ကွာရှင်းလျှင် သို့မဟုတ် စွန့်ခွာလျှင် သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုလျှင် အဆိုပါ ဓလေ့ထုံးတမ်းက သို့မဟုတ် ဥပဒေက မည်သို့ပင်ဆိုစေကာမူ -

(က) ယောကျ်ားသည် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သောအစုကို စွန့်လွှတ်ရမည့်ပြင် ဗုဒ္ဓဘာသာဝင် မိန်းမအား လျော်ကြေးပေးရမည်။

(ခ) ဗုဒ္ဓဘာသာဝင်မိန်းမသည် သားသမီးအားလုံး ထိန်းသိမ်းခွင့်ကို ရရှိရမည်။

(ဂ) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၃၃။ ဗုဒ္ဓဘာသာဝင်မဟုတ်ခဲ့ဖူးသော နိုင်ငံသားမိန်းမတစ်ဦးသည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားနှင့် လင်မယားအဖြစ်ပေါင်းဖက်နေစဉ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်လျှင် ၎င်းတို့သည် ဤဥပဒေအရ ထိမ်းမြားဘိသကဲ့သို့ ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်များသည် ၎င်းတို့နှင့် သက်ဆိုင်ရမည်။

၃၄။ သို့ရာတွင် မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သည့်အခါ ယောကျ်ား၏ ဘာသာရေးဓလေ့ထုံးတမ်းတစ်ခုခုကဖြစ်စေ၊ ထိုသို့သော ဘာသာရေးဓလေ့ထုံးတမ်းကို အကျိုးသက်ရောက်စေသည့် ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ ယောကျ်ားအား ထိုဗုဒ္ဓဘာသာဝင်မိန်းမနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ကွာရှင်းလိုသော် ထိုမိန်းမသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်း ကိုးကွယ်သည့်နေ့မှ သင့်လျော်သည့်ကာလအပိုင်းအခြားအတွင်း ယောကျ်ား သို့မဟုတ် မိန်းမကကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့်-

(က) ယောကျ်ားက မိန်းမကို ကွာရှင်းလျှင် -

(၁) ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက မိန်းမနေထိုင်ရသည့် အတန်းအစား အခြေအနေအောက်မလျော့သော အခြေအနေတွင် ဆက်လက်နေထိုင်နိုင်သည့် လုံလောက်သော လစဉ်စရိတ်ကို မိန်းမက နောက်ထပ် ထိမ်းမြားခြင်းမပြုသမျှကာလပတ်လုံး ယောကျ်ားက မိန်းမအား ပေးရမည်။

(၂) မိန်းမသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းအားလုံးကို မိန်းမက ရခွင့်ရှိရမည်။ သို့ရာတွင် ထိုသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက ယောကျ်ားတစ်ဦးတည်းပိုင်ဖြစ်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမကရခွင့်မရှိစေရ။

(၃) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး ထိန်းသိမ်းခွင့်ကို ရရှိရမည်။

(၄) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

(ခ) မိန်းမက ယောကျ်ားကို ကွာရှင်းလျှင် -

(ကက) မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီ မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းမှတစ်ပါး ယောကျ်ားတစ်ဦးတည်းပိုင်သောမည်သည့်ပစ္စည်းကိုမျှ မိန်းမကရခွင့်မရှိစေရ။

(ခခ) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံးထိန်းသိမ်းခွင့်ကို ရရှိရမည်။

(ဂဂ) ယောကျ်ားသည် အရွယ်မရောက်သေးသည့်သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၃၅။ ပုဒ်မ ၃၁ မှ ပုဒ်မ ၃၄ အထိ ပြဋ္ဌာန်းချက်များသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ၎င်း၏ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတို့ဖြစ်ပွားသော လင်မယားကွာရှင်းမှုကိစ္စ သို့မဟုတ် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားက ဗုဒ္ဓဘာသာဝင်မိန်းမကို စွန့်ခွာသည့်ကိစ္စ သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့်အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုသည့်ကိစ္စ အားလုံးတို့နှင့် သက်ဆိုင်ရမည်။

၃၆။ ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားသည်ဟုမှတ်ယူခြင်းခံရလျှင် ထိုသူနှစ်ဦးမှ ဖွားမြင်သောသားသမီးများသည် တရားဝင်သားသမီးများဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၇။ ပုဒ်မ ၁၆ နှင့် ၁၈ အရ ကန့်ကွက်ခြင်းသည် သဘောရိုးနှင့်ကန့်ကွက်ခြင်းမဟုတ်ဟု တရားရုံးက ထင်မြင်လျှင် ငွေကျပ် ၅၀၀၀၀ ထက်မပိုသည့် လျော်ကြေးငွေကို ကန့်ကွက်သူက ထိမ်းမြားမည့်သူနှစ်ဦးအား ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၃၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သောယောကျ်ားသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (က) (ခ) (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ထိုသူအား ၆ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ် ၅၀၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ ဗုဒ္ဓဘာသာဝင်မဟုတ်သောယောကျ်ားသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (င) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ထိုသူအား ၃ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်။

၄၀။ ဗုဒ္ဓဘာသာဝင်မဟုတ်သောယောကျ်ားသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (စ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၅ အရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

၄၁။ ဗုဒ္ဓဘာသာဝင်မဟုတ်သောယောကျ်ားသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (ဆ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၅-က အရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

၄၂။ မည်သူမဆို မဟုတ်မမှန်သည်လည်းဖြစ်၍ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော သို့မဟုတ် ယုံကြည်သည်လည်းဖြစ်သော ဖော်ပြချက်ပါရှိသည့် (ဤဥပဒေအရ ပြဋ္ဌာန်းထားသော) ထုတ်ဖော်ချက်ကို သော်လည်းကောင်း၊ ထိုသို့သော သက်သေခံလက်မှတ်ကိုသော်လည်းကောင်း ပြုလုပ်လျှင် သို့မဟုတ် လက်မှတ်ရေးထိုးလျှင် သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံလျှင် ထိုသူသည် ရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ ပြစ်မှုကို ကျူးလွန်သည်ဟူ၍ မှတ်ယူရမည်။

၄၃။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) (၁) နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ (စ) (၂) ပါ ပြဋ္ဌာန်းချက်တစ်ခုခုနှင့် ဆန့်ကျင်၍ ထိမ်းမြားပေးလျှင် ထိုအရာရှိသည် တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၅၀၀၀၀ ကျပ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ခံထိုက်စေရမည်။

၄၄။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ဇယား**

**ပုံစံ - က (ယောက်ျားအတွက်)**

(ပုဒ်မ ၁၁ ကို ကြည့်ရန်)

**ထိမ်းမြားလိုကြောင်း အကြောင်းကြားစာပုံစံ**

________________________ ခရိုင်။

________________________ မြို့နယ်။

**ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ**

ကျွန်ုပ်သည် ဤအကြောင်းကြားစာတွင် အမည်မှစ၍ အကြောင်းအရာများ ဖော်ပြပါရှိသော တစ်ဖက်သူနှင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေအရ ထိမ်းမြားရန် ကြံရွယ်ကြောင်း အကြောင်းကြားပါသည်။

အကြောင်းကြားစာပေးပို့သူ၏ ဖော်ပြချက်များ

**အပိုင်း (၁)**

(က) အမည်၊

(ခ) အလုပ်အကိုင်၊

(ဂ) မည်သည့်နိုင်ငံသား၊

(ဃ) ကိုးကွယ်သည့်ဘာသာ၊

(င) အသက်၊

(စ) အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့်အရပ်၊

(ဆ) မိဘများ၏ အမည် -

(၁)

(၂)

(ဇ) မိဘများ၏ အလုပ်အကိုင်၊

(ဈ) မိဘများ၏နေရပ်၊

(ည) (မိဘများ အသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊

(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊

(ဌ) မိမိမှာ ယခင်က ထိမ်းမြားဖူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက် ရှိ မရှိ၊

(ဍ) ယခင်မယား အသက်ရှင်လျက်ရှိသေးလျှင် ထိုမယား၏ အမည်နှင့်နေရပ်။

## အပိုင်း (၂)

(က) (တစ်ဖက်သူ၏) အမည်၊

(ခ) အလုပ်အကိုင်၊

(ဂ) မည်သည့်နိုင်ငံသား၊

(ဃ) ကိုးကွယ်သည့်ဘာသာ၊

(င) အသက်၊

(စ) အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့်အရပ်၊

(ဆ) မိဘများ၏ အမည် -

(၁)

(၂)

(ဇ) မိဘများ၏ အလုပ်အကိုင်၊

(ဈ) မိဘများ၏နေရပ်၊

(ည) (မိဘများ အသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊

(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊

(ဌ) အသက် ၂၀ နှစ်မပြည့်သေးလျှင် မိဘများ၏ သို့တည်းမဟုတ် အုပ်ထိန်းသူ အမည်၊ အလုပ်အကိုင်နှင့်နေရပ်၊

(ဍ) သဘောတူချက်ပေးသည့် မိဘများ၏ သို့တည်းမဟုတ် အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့် နေရပ်၊

(ပ) ထိုသူမှာ ယခင်က ထိမ်းမြားဖူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက် ရှိ မရှိ။

(လက်မှတ်)

## မှတ်ပုံတင်အရာရှိရှေ့တွင် ထွက်ဆိုချက်

အထက်ပါအကြောင်းကြားစာ အပိုင်း (၁) တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်ုပ်ကိုယ်တိုင် သိရှိရသမျှဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း၊ အပိုင်း (၂) တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်ုပ် ကြားသိယုံကြည်ရသမျှ ဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း ကျွန်ုပ် က ထွက်ဆိုပါသည်။ အထက်ပါအကြောင်းကြားစာတွင် ပါရှိသည့် ဖော်ပြချက်တစ်ခုခုမှာ ကျွန်ုပ်သိရှိသမျှ မဟုတ်မမှန်လျှင်၊ ထို့ပြင်

ယင်းသို့သော ဖော်ပြချက်ကို ပြုလုပ်ရာတွင် ကျွန်ုပ်က ထိုဖော်ပြချက်သည် မဟုတ်မမှန်ကြောင်း သိရှိလျှင်သော်လည်းကောင်း သို့တည်းမဟုတ် ယုံကြည်လျှင်သော်လည်းကောင်း ထိုဖော်ပြချက်သည် ဟုတ်မှန်သည်ဟု မယုံကြည်လျှင်သော်လည်းကောင်း ကျွန်ုပ်မှာ ရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ တရားစွဲဆိုခံထိုက်သည် ဖြစ်ကြောင်း ကျွန်ုပ်သိရှိပါသည်။

(လက်မှတ်)

အောက်ပါသက်သေတို့ရှေ့တွင်

(၁)　(လက်မှတ်)

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

(၂)　(လက်မှတ်)

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

အထက်ပါဖော်ပြချက်များကို ထွက်ဆိုသူအား ဖတ်ကြားရှင်းလင်းပြရာ ထိုဖော်ပြချက်များပါ အကြောင်းအရာများ မှန်ကန်ကြောင်း ထိုသူကဝန်ခံသည့်ပြင် ယင်းသို့ မှန်ကန်ကြောင်းဖြင့် ဤထွက်ဆိုချက်ကို ကျွန်ုပ်ရှေ့၌လည်းကောင်း၊ အထက်တွင် လက်မှတ်ရေးထိုးသည့် သက်သေ ၂ ဦးရှေ့၌လည်းကောင်း လက်မှတ်ရေးထိုးသည်။

(လက်မှတ်)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

အထက်ပါအကြောင်းကြားစာမိတ္တူကို ______________________ ရက်နေ့တွင် ကျွန်ုပ်၏ရုံးရှိ အများမြင်သောနေရာ၌ ကပ်လျက်ကြော်ငြာပြီးဖြစ်သည့်ပြင် ထိုအကြောင်းကြားစာမိတ္တူများကို အောက်ပါ နေ့ရက်များတွင် ______________ ထံ ချအပ် / ပို့ ပြီးလည်းဖြစ်ကြောင်း။

(လက်မှတ်)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

**ပုံစံ - ခ (မိန်းမအတွက်)**

(ပုဒ်မ ၁၁ ကို ကြည့်ရန်)

**ထိမ်းမြားလိုကြောင်း အကြောင်းကြားစာပုံစံ**

________________________ ခရိုင်။

________________________ မြို့နယ်။

**ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ**

ကျွန်မသည် ဤအကြောင်းကြားစာတွင် အမည်မှစ၍ အကြောင်းအရာများ ဖော်ပြပါရှိသော တစ်ဖက်သူနှင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေအရ ထိမ်းမြားရန် ကြံရွယ်ကြောင်း အကြောင်းကြားပါသည်။

အကြောင်းကြားစာပေးပို့သူ၏ ဖော်ပြချက်များ

**အပိုင်း (၁)**

(က) အမည်၊

(ခ) အလုပ်အကိုင်၊

(ဂ) မည်သည့်နိုင်ငံသား၊

(ဃ) ကိုးကွယ်သည့်ဘာသာ၊

(င) အသက်၊

(စ) အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့်အရပ်၊

(ဆ) မိဘများ၏ အမည် -

(၁)

(၂)

(ဇ) မိဘများ၏ အလုပ်အကိုင်၊

(ဈ) မိဘများ၏နေရပ်၊

(ည) (မိဘများ အသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊

(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊

(ဌ) အသက် ၂၀ နှစ်မပြည့်သေးလျှင် မိဘများ၏ သို့တည်းမဟုတ် အုပ်ထိန်းသူ၏ သဘောတူချက် ရရှိပြီး ဟုတ် မဟုတ်၊

(ဍ) သဘောတူချက်ပေးသည့် မိဘများ၏ သို့တည်းမဟုတ် အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့် နေရပ်၊

(ဎ) မိမိမှာ ယခင်က ထိမ်းမြားဖူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက် ရှိ မရှိ၊

(ဏ) ယခင်လင် အသက်ရှင်လျက်ရှိသေးလျှင် ထိုလင်၏ အမည်နှင့်နေရပ်။

**အပိုင်း (၂)**

(က) (တစ်ဖက်သူ၏) အမည်၊

(ခ) အလုပ်အကိုင်၊

(ဂ) မည်သည့်နိုင်ငံသား၊

(ဃ) ကိုးကွယ်သည့်ဘာသာ၊

(င) အသက်၊

(စ) အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့်အရပ်၊

(ဆ) မိဘများ၏ အမည် -

(၁)

(၂)

(ဇ) မိဘများ၏ အလုပ်အကိုင်၊

(ဈ) မိဘများ၏နေရပ်၊

(ည) (မိဘများ အသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊

(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊

(ဌ) ထိုသူမှာ ယခင်က ထိမ်းမြားဖူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက် ရှိ မရှိ။

(လက်မှတ်)

**မှတ်ပုံတင်အရာရှိရှေ့တွင် ထွက်ဆိုချက်**

အထက်ပါအကြောင်းကြားစာ အပိုင်း (၁) တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်မကိုယ်တိုင် သိရှိရသမျှဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း၊ အပိုင်း (၂) တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်မ ကြားသိယုံကြည်ရသမျှ ဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း ကျွန်မ                    က ထွက်ဆိုပါသည်။ အထက်ပါအကြောင်းကြားစာတွင် ပါရှိသည့် ဖော်ပြချက်တစ်ခုခုမှာ ကျွန်မသိရှိသမျှ မဟုတ်မမှန်လျှင်၊ ထို့ပြင်

ယင်းသို့သော ဖော်ပြချက်ကို ပြုလုပ်ရာတွင် ကျွန်မက ထိုဖော်ပြချက်သည် မဟုတ်မမှန်ကြောင်း သိရှိလျှင်သော်လည်းကောင်း သို့တည်းမဟုတ် ယုံကြည်လျှင်သော်လည်းကောင်း ထိုဖော်ပြချက်သည် ဟုတ်မှန်သည်ဟု မယုံကြည်လျှင်သော်လည်းကောင်း ကျွန်မမှာ ရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ တရားစွဲဆိုခံထိုက်သည် ဖြစ်ကြောင်း ကျွန်မသိရှိပါသည်။

(လက်မှတ်)

အောက်ပါသက်သေတို့ရှေ့တွင်

(၁) (လက်မှတ်)

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

(၂) (လက်မှတ်)

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

အထက်ပါဖော်ပြချက်များကို ထွက်ဆိုသူအား ဖတ်ကြားရှင်းလင်းပြရာ ထိုဖော်ပြချက်များပါ အကြောင်းအရာများ မှန်ကန်ကြောင်း ထိုသူကဝန်ခံသည့်ပြင် ယင်းသို့ မှန်ကန်ကြောင်းဖြင့် ဤထွက်ဆိုချက်ကို ကျွန်ုပ်ရှေ့၌လည်းကောင်း၊ အထက်တွင် လက်မှတ်ရေးထိုးသည့် သက်သေ ၂ ဦးရှေ့၌လည်းကောင်း လက်မှတ်ရေးထိုးသည်။

(လက်မှတ်)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

အထက်ပါအကြောင်းကြားစာမိတ္တူကို ____________________ ရက်နေ့တွင် ကျွန်ုပ်၏ရုံးရှိ အများမြင်သောနေရာ၌ ကပ်လျက်ကြော်ငြာပြီးဖြစ်သည့်ပြင် ထိုအကြောင်းကြားစာမိတ္တူများကို အောက်ပါ နေ့ရက်များတွင် ______________ ထံ ချအပ်/ပို့ ပြီးလည်းဖြစ်ကြောင်း။

(လက်မှတ်)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

**ပုံစံ - ဂ**

(မူရင်းထပ်တူပေါင်း ၄ စောင် ရှိစေရမည်။)

(ပုဒ်မ ၂၀ ကို ကြည့်။)

**ထိမ်းမြားကြောင်း သက်သေခံမှတ်ပုံတင်စာအုပ်ပုံစံ**

အမှတ်၊ ------------။

ထိမ်းမြားသည့်နေ့ရက်။

ထိမ်းမြားရာအရပ်

(က) လင်၏အမည်၊

(ခ) အသက်၊

(ဂ) မည်သည့်နိုင်ငံသား၊

(ဃ) ကိုးကွယ်သည့်ဘာသာ၊

(င) အလုပ်အကိုင်၊

(စ) နေရပ်၊

(ဆ) မိဘများ၏ အမည်၊ အလုပ်အကိုင်နှင့်နေရပ်၊

(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့်နေရပ်။

(က) မယား၏အမည်၊

(ခ) အသက်၊

(ဂ) မည်သည့်နိုင်ငံသား၊

(ဃ) ကိုးကွယ်သည့်ဘာသာ၊

(င) အလုပ်အကိုင်၊

(စ) နေရပ်၊

(ဆ) မိဘများ၏ အမည်၊ အလုပ်အကိုင်နှင့်နေရပ်၊

(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့်နေရပ်၊

(ဈ) အသက် ၂၀ နှစ်မပြည့်သေးလျှင် ထိမ်းမြားရန် သဘောတူညီချက်ပေးပြီးသည့် မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ အမည်၊ အလုပ်အကိုင်နှင့်နေရပ်။

* [ကျွန်တော် နှင့် ကျွန်မ တို့၏ ယခုထိမ်းမြားမှုကို အောက်ပါသက်သေများရှေ့တွင် ပြုလုပ်ပါသည်။

လင်၏လက်မှတ်

မယား၏လက်မှတ်

ကျွန်ုပ်တို့ရှေ့တွင် ပြုလုပ်ပါသည်။

မောင်/မ

အမည် ။ -------------------------------------

အလုပ်အကိုင် ။ -------------------------------------

နေရပ် ။ -------------------------------------

မောင်/မ

အမည် ။ -------------------------------------

အလုပ်အကိုင် ။ -------------------------------------

နေရပ် ။ -------------------------------------

ထိမ်းမြားရန် သဘောတူချက်ပေးသူ၏ လက်မှတ်။

အထက်တွင် အမည်ဖော်ပြပါရှိသူတို့၏ ထိမ်းမြားမှုကို ၂၀ ____ ခုနှစ်၊ ______________ လ၊ _____ ရက်နေ့တွင် ကျွန်ုပ်ရှေ့၌ ပြုလုပ်သည်။]

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

---

* **မှတ်ချက်။** ဤဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ (ခ) အရ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ငြင်းဆိုသူများ ဖြစ်လျှင် ဤအပိုဒ်ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၂/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

**တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

နောက်ဆက်တွဲ (ဂ)

**တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　။ )**

၁၃၇၆ ခုနှစ်၊　　　လ　ရက်

( ၂၀၁၄ ခုနှစ်၊　　လ　ရက် )

**နိဒါန်း**

ဥပဒေနှင့်အညီထိမ်းမြားကြသော လင်နှင့်မယားတို့ တစ်ဦးအပေါ် တစ်ဦး သစ္စာရှိစွာဖြင့် သာယာချမ်းမြေ့သည့် အိမ်ထောင်တည်ဆောက်နိုင်စေရန်၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ မယားပြိုင်အဖြစ်ရောက်ရှိခြင်းမှ ကာကွယ်ရန်နှင့် အမျိုးသားများက မယားအများယူခြင်းကြောင့် ဖြစ်ပွားနိုင်သည့် အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။　ဤဥပဒေကို **"တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။　ဤဥပဒေသည် မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံးနှင့်လည်းကောင်း၊ မြန်မာနိုင်ငံပြင်ပတွင် နေထိုင်သော နိုင်ငံသားနှင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်စဉ် နိုင်ငံသားနှင့် ထိမ်းမြားသော နိုင်ငံခြားသားနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၃။　ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **"နိုင်ငံသား"** ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံသားကို ဆိုသည်။ ယင်းစကားရပ်တွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်း ပါဝင်သည်။

(ခ) **"မြန်မာနိုင်ငံတွင် နေထိုင်သူ"** ဆိုသည်မှာ မြန်မာနိုင်ငံတွင်အမြဲဖြစ်စေ၊ ယာယီဖြစ်စေ နေထိုင်သူကို ဆိုသည်။

(ဂ) **"ယောကျ်ား"** ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူယောကျ်ားကို ဆိုသည်။

(ဃ) **"မိန်းမ"** ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမိန်းမကို ဆိုသည်။

## အခန်း (၂)
## တစ်လင်တစ်မယားစနစ်ဖြင့် ထိမ်းမြားခြင်း

၄။ မည်သည့် ယောကျ်ားနှင့်မိန်းမမဆို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ တရားဝင်ထိမ်းမြားခြင်းပြုနိုင်သည်။

၅။ ဤဥပဒေ အာဏာတည်ပြီးနောက် ယောကျ်ားနှင့်မိန်းမတို့သည် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုပြုလုပ်ရာတွင် တစ်လင်တစ်မယားစနစ်ဖြင့် ထိမ်းမြားခြင်းသာလျှင် တရားဝင်အတည် ဖြစ်သည်။

၆။ မြန်မာဗုဒ္ဓဘာသာဝင်အချင်းချင်း ထိမ်းမြားခြင်းသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ညီညွတ်ပါက တရားဝင်အတည်ဖြစ်သည်။

၇။ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေနှင့် ညီညွတ်ပါက တရားဝင် အတည်ဖြစ်သည်။

၈။ ဗုဒ္ဓဘာသာဝင် မဟုတ်သူအချင်းချင်း ယင်းတို့နှင့်သက်ဆိုင်သည့် ဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့် အညီ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

## အခန်း (၃)
## ထပ်မံထိမ်းမြားခြင်းကို တားမြစ်ခြင်း

၉။ ဤဥပဒေ အာဏာတည်သည့်နေ့၌ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ လင်နှင့်မယား တစ်ယောက် သို့မဟုတ် တစ်ယောက်ထက်ပို၍ တရားဝင်ထိမ်းမြားပြီးသည့် ယောကျ်ား သို့မဟုတ် မိန်းမသည် အဆိုပါ ထိမ်းမြားမှုတည်မြဲနေစဉ်ကာလအတွင်း အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်း သို့မဟုတ် တရားမဝင် နေထိုင်ပေါင်းသင်းခြင်း မပြုရ။

၁၀။ ဤဥပဒေအာဏာတည်သည့်နေ့ သို့မဟုတ် ထိုနေ့နောက်ပိုင်းတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသူသည် ထိုထိမ်းမြားမှု တည်မြဲနေစဉ်ကာလ အတွင်း အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်း သို့မဟုတ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်းမပြုရ။

၁၁။ ယောကျ်ား သို့မဟုတ် မိန်းမသည် ယခင်ကထိမ်းမြားခဲ့ဖူးလျှင် ယင်းသို့ ထိမ်းမြားခဲ့ဖူးကြောင်း အသိပေးကြေညာ၍ ယခင်အိမ်ထောင်နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ခိုင်မာသည့် အထောက် အထားတင်ပြနိုင်လျှင် အခြားသူတစ်ဦးနှင့် ထပ်မံ၍ ထိမ်းမြားနိုင်သည်။

## အခန်း (၄)
## တစ်လင်တစ်မယားစနစ်ကို ဖောက်ဖျက်ခြင်း၏ အကျိုးဆက်များ

၁၂။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုအတည် ဖြစ်နေစဉ် လင် သို့မဟုတ် မယား တစ်ဦးဦးသည် ထပ်မံ၍ ထိမ်းမြားမှုပြုလျှင် ထိုသူသည် အိမ်ထောင်ရေး ပြစ်မှုကို ကျူးလွန်ရာရောက်သည်။

၁၃။ တည်ဆဲဥပဒေများတစ်ရပ်ရပ်၊ ဘာသာ၊ ဓလေ့ထုံးတမ်းတွင် မည်သို့ပင် ဆန့်ကျင်လျက်ပါရှိစေကာမူ ထိမ်းမြားမှု အတည်ဖြစ်နေစဉ် လင် သို့မဟုတ် မယားတစ်ဦးဦးသည် အခြားသူနှင့် ထပ်မံ၍ ထိမ်းမြားလျှင် အိမ်ထောင်ရေးပြစ်မှုကိုကျူးလွန်ခြင်းဖြစ်၍ ကျန်သည့်မယား သို့မဟုတ် လင်က လင်မယားကွာရှင်းခွင့်ရှိသည်။

၁၄။ ပုဒ်မ ၁၃ အရ လင်မယားကွာရှင်းရာတွင် အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူသည် နှစ်ဦးပိုင်ပစ္စည်းနှင့် စပ်လျဉ်း၍ ၎င်း၏အခွင့်အရေးများ ဆုံးရှုံးခြင်းခံရမည်။

၁၅။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ားတစ်ဦးသည် အဆိုပါ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် အခြားမိန်းမတစ်ဦးနှင့် ထပ်မံထိမ်းမြားပါက ထိမ်းမြားခြင်းအတည်မဖြစ်သဖြင့် ထိုယောကျ်ားနှင့်အတူ နေထိုင်ပေါင်းသင်းသည့် နောက်မိန်းမသည် ထိုယောကျ်ားသေဆုံးသွားလျှင် အမွေကို ဆက်ခံခွင့်မရှိစေရ။ နောက်မိန်းမနှင့်အတူ နေထိုင်ပေါင်းသင်းသည့် ယောကျ်ားသည်လည်း နောက်မိန်းမသေဆုံးသွားလျှင် အမွေကို ဆက်ခံခွင့်မရှိစေရ။

၁၆။ မည်သူမဆို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှု အတည်ဖြစ်နေစဉ် ပုဒ်မ ၉ သို့မဟုတ် ပုဒ်မ ၁၀ နှင့် ဆန့်ကျင်၍ ထိမ်းမြားမှုထပ်မံပြုလုပ်လျှင် ထိုသူသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၉၄ အရ လင် သို့မဟုတ် မယားရှိနေစဉ် ထပ်မံထိမ်းမြားသည့် ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

၁၇။ လင် သို့မဟုတ် မယားတစ်ဦးဦးသည် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၅ အရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

## အခန်း (၅)

## အထွေထွေ

၁၈။ ဤဥပဒေအာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်အတည်ဖြစ်သည့် ထိမ်းမြားခြင်းကို ဤဥပဒေက မထိခိုက်စေရ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၆ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤပြင်ဆင်သည့် နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **"ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ"** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများတွင်ပါရှိသော "လွှတ်တော်ရုံး" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုလွှတ်တော်ရုံး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်ထောင်စုအစိုးရ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး" ဆိုသည့် စကားရပ်ကို "ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းအတွက် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီက အတည်ပြုထားသည့်စိစစ်ချက်ကို နာယကထံတင်ပြ၍ အဆုံးအဖြတ်ရယူရမည်။"

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (တ) တွင် -

(က) နည်းဥပဒေခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်း၊"

(ခ) နည်းဥပဒေခွဲငယ် (၃) ၏ နောက်တွင် နည်းဥပဒေခွဲငယ် (၄) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(၄) သင့်လျော်သည့် အခြားနည်းလမ်းတစ်ခုခု။"

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ (ခ) ပါ "မိနစ် ၂၀" ဆိုသည့် စကားရပ်ကို "၁၅ မိနစ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (ဂ)၊ (င) နှင့် (ဍ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) မည်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းကိုမျှ ပုတ်ခတ်ပြောဆိုခြင်းမပြုရ။

(င) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် စွပ်စွဲပုတ်ခတ်ပြောဆိုခြင်း သို့မဟုတ် နိုင်ငံရေးပါတီတစ်ခုခုအား ထိပါးပုတ်ခတ်ပြောဆိုခြင်း မပြုရ။

(ဍ) ဥပဒေကြမ်းတင်သွင်းခြင်းနှင့် အစီရင်ခံစာဖတ်ကြားတင်ပြခြင်းများမှအပ အခြားကိစ္စရပ်များတွင် ကြိုတင်ပြုစုလာသော စာတမ်းများကို ဖတ်ကြားတင်သွင်းလိုပါက နာယကထံ ခွင့်ပြုချက်တောင်းခံရမည်။

၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် မတက်ရောက်နိုင်သည့် ကာလကိုဖော်ပြ၍ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီကဖြစ်စေ နာယကထံသို့ စာဖြင့်ရေးသား၍ ခွင့်ပြုချက်တင်ပြတောင်းခံရမည်။"

၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၂၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့တွင် ပါရှိသော "၁၅ ရက်" ဆိုသည့်စကားရပ်ကို "၇ ရက်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၉၊ နည်းဥပဒေခွဲ (င) တွင်ပါရှိသော "မေးခွန်း ၁၀ ခု" ဆိုသည့်စကားရပ်ကို "မေးခွန်း ၅ ခု" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၁။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းသောမေးခွန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်ကဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ကဖြစ်စေ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့သည့်မေးခွန်းကို လက်ခံရရှိသည့်ရက်၏ နောက်တစ်ရက်မှ ၁၀ ရက်အတွင်း ဖြေကြားချက်ကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ရမည်။ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့၏

လုပ်ငန်းများနှင့် သက်ဆိုင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှုရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးရန် လုပ်ပိုင်ခွင့်ရှိသဖြင့် ယင်းမေးခွန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာသို့ မေးမြန်းပြီး တာဝန်ပေးအပ်ခြင်းခံရသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်က လွှတ်တော်တွင် ဖြေကြားရမည်။"

၁၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆၊ နည်းဥပဒေခွဲ (ဂ) တွင် ပါရှိသော "၁၅ မိနစ်" ဆိုသည့် စကားရပ်ကို "၁၀ မိနစ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၈၊ နည်းဥပဒေခွဲ (က) ၏ နောက်တွင် နည်းဥပဒေခွဲ (က-၁) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(က-၁) နည်းဥပဒေခွဲ (က) ပါ အဆိုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပေးပို့သည့်ရက်၏ နောက်တစ်ရက်မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ရန် ဆောင်ရွက်ရမည်။"

၁၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇၉။ **ဥပဒေကြမ်းကိုကြေညာခြင်း။** နည်းဥပဒေ ၇၇၊ နည်းဥပဒေခွဲ (ခ) နှင့် (င)တို့ပါ ဥပဒေကြမ်းများမှအပ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပေးပို့သည့် အခြားဥပဒေကြမ်းများကို လွှတ်တော်သို့ ပေးပို့သည်နှင့်တစ်ပြိုင်နက် ပြည်ထောင်စုလွှတ်တော်ရုံးသည် အဆိုပါဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်းနှင့် ပြည်သူအများ လေ့လာ အကြံပြုနိုင်ရန် ထုတ်ပြန်ကြေညာခြင်းပြုရမည်။"

၁၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂၊ နည်းဥပဒေခွဲ (က) နှင့် (ဃ) တို့ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(က) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက နာယကထံ ပေးပို့လာသည့်အခါ နာယကသည် လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ လေ့လာစိစစ်စေရန် ဥပဒေကြမ်းပူးပေါင်းကော်မတီသို့ အချိန်ကာလသတ်မှတ်၍ ပေးပို့ရမည်။

(ဃ) နာယကသည် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးအား လွှတ်တော်အစည်းအဝေးတွင် ရှင်းလင်းတင်ပြစေရမည်။ ယင်းသို့ ရှင်းလင်းတင်ပြရာတွင် ဥပဒေကြမ်းကိုလည်းကောင်း၊ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်၏ သဘောကွဲလွဲချက်များကိုလည်းကောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကိုလည်းကောင်း တင်ပြရမည်။"

၁၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၄ ၏နောက်တွင် "နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လွှတ်တော်သို့ တင်ပြခြင်း" ဆိုသည့် အခန်းခေါင်းစဉ်စကားရပ်နှင့် နည်းဥပဒေ ၈၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လွှတ်တော်သို့ တင်ပြခြင်း**

၈၄-က။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်လုံးက နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် -

(က) အတည်ပြုလျှင် ယင်းနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို လွှတ်တော်က ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် အတည်ပြုသည်ဟု မှတ်ယူ၍ လွှတ်တော်တွင် မှတ်တမ်းတင်ရမည်။

(ခ) သဘောကွဲလွဲပါက နည်းဥပဒေ ၈၂ မှ ၈၄ အထိ ပါရှိသော ဥပဒေကြမ်းကို ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းဆိုင်ရာ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။"

၁၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၅၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၅။ (က) လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် နာယကသည် လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသော ဥပဒေကြမ်း ပူးပေါင်းကော်မတီကို ဖြစ်စေ၊ အခြားသက်ဆိုင်သည့် ပူးပေါင်းကော်မတီများနှင့် ပူးတွဲ၍ ဖြစ်စေ လေ့လာစိစစ်စေရမည်။

(ခ) နည်းဥပဒေ ၈၅၊ နည်းဥပဒေခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၁၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၈ တွင် -

(က) နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) သတ်မှတ်ထားသောရက်များ၏ ပထမနေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က နည်းဥပဒေ ၈၇၊ နည်းဥပဒေခွဲ (က) ပါအတိုင်း ဥပဒေကြမ်းကို လွှတ်တော်၌ဆွေးနွေးရန် အဆိုတင်သွင်းရမည်။ အဆိုတင်သွင်းပြီးနောက် လွှတ်တော်က ဥပဒေကြမ်းကို ဆွေးနွေးရာတွင် ဥပဒေကြမ်း၏မူသဘောကို ရှင်းလင်းစေရန်မှတစ်ပါး အသေးစိတ်ဆွေးနွေးခြင်းမပြုရ။ ဥပဒေကြမ်းပါ လုံခြုံရေးဆိုင်ရာ ကိစ္စများနှင့် နိုင်ငံတော်လျှို့ဝှက်ချက်များကိုလည်း ဆွေးနွေးခြင်းမပြုရ။ ဥပဒေကြမ်းကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏ အမည်စာရင်းကို နာယကထံသို့ စတင်ဆွေးနွေးခြင်းမပြုမီ အနည်းဆုံး သုံးရက်ကြိုတင်ပေးပို့ရမည်။ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်နှင့် ဆွေးနွေးမည့်ရက်ကို နာယကက ကြေညာရမည်။"

(ခ) နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးပြီးသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်သည်။ ယင်းသို့ရှင်းလင်းတင်ပြပြီးသည့်အခါ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း၏မူနှင့်အခြေခံသဘောများ ဆွေးနွေးခြင်းပြီးဆုံးရမည်။"

၁၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၉၊ နည်းဥပဒေခွဲ (ခ) ကိုအောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ (ခ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီး၏ရငွေ၊ သုံးငွေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အဆိုတင်သွင်းလိုသော လွှတ်တော်ကိုယ်စားလှယ်အား ဥပဒေကြမ်းကို ဆွေးနွေးခြင်း မပြုမီ အနည်းဆုံးသုံးရက် (ရုံးပိတ်ရက်မပါ) ကြိုတင်၍ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားစာ ပေးပို့စေရမည်။

၁၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၁၊ နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) နာယကသည် နည်းဥပဒေ ၈၉၊ ၉၀ နှင့် ၉၁ တို့အရ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့်သော်လည်းကောင်း၊ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့်သော်လည်းကောင်း၊ သင့်လျော်သည့်အခြားနည်းလမ်းတစ်ခုခုဖြင့်သော် လည်းကောင်း ဆောင်ရွက်နိုင်သည်။"

၂၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆၊ နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) နည်းဥပဒေခွဲ (က) အရ ဖွဲ့စည်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် -

(၁) ဥက္ကဋ္ဌတာဝန်ကို ဒုတိယနာယကအား ဆောင်ရွက်စေရမည်။

(၂) ဒုတိယဥက္ကဋ္ဌ (၁) ၏ တာဝန်ကို ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သော လွှတ်တော်၏ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအား ဆောင်ရွက်စေရမည်။

(၃) ဒုတိယဥက္ကဋ္ဌ (၂) ၏ တာဝန်ကို ဥက္ကဋ္ဌတာဝန်မထမ်းဆောင်ရသော လွှတ်တော်၏ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအား ဆောင်ရွက်စေရမည်။

(၄) အတွင်းရေးမှူးတာဝန်ကိုဥက္ကဋ္ဌတာဝန်ထမ်းဆောင်သော လွှတ်တော်၏ဥပဒေကြမ်း ကော်မတီ အတွင်းရေးမှူးအား တာဝန်ပေးအပ်ရမည်။

(၅) တွဲဖက်အတွင်းရေးမှူးတာဝန်ကို ဥက္ကဋ္ဌတာဝန်မထမ်းဆောင်ရသော လွှတ်တော်၏ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးအား တာဝန်ပေးအပ်ရမည်။"

၂၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၁။ **ဖွဲ့စည်းခြင်း။** လွှတ်တော်က တာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယကသည် -

(က) ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့ရှိပြည်သူ့ငွေစာရင်းကော်မတီများတွင်ပါဝင်သော ကော်မတီဝင်ဦးရေတူညီစွာပါဝင်သည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကိုဖွဲ့စည်းနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဖွဲ့စည်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် -

(၁) ဥက္ကဋ္ဌတာဝန်ကို ဒုတိယနာယကအား ဆောင်ရွက်စေရမည်။

(၂) ဒုတိယဥက္ကဋ္ဌ (၁) ၏တာဝန်ကို ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သော လွှတ်တော်၏ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌအား ဆောင်ရွက်စေရမည်။

(၃) ဒုတိယဥက္ကဋ္ဌ (၂) ၏ တာဝန်ကို ဥက္ကဋ္ဌတာဝန်မထမ်းဆောင်ရသော လွှတ်တော်၏ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌအား ဆောင်ရွက်စေရမည်။

(၄) အတွင်းရေးမှူးတာဝန်ကို ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သော လွှတ်တော်၏ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူးအား တာဝန်ပေးအပ်ရမည်။

(၅) တွဲဖက်အတွင်းရေးမှူးတာဝန်ကို ဥက္ကဋ္ဌတာဝန်မထမ်းဆောင်ရသော လွှတ်တော်၏ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူးအား တာဝန်ပေးအပ်ရမည်။"

၂၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၂၊ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ကော်မတီဥက္ကဋ္ဌသည် သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ ကော်မတီဥက္ကဋ္ဌမရှိလျှင် ဒုတိယဥက္ကဋ္ဌ (၁) သည်လည်းကောင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ (၁) မရှိလျှင် ဒုတိယဥက္ကဋ္ဌ (၂) သည်လည်းကောင်း သဘာပတိအဖြစ် ဆောင်ရွက်ရမည်။"

၂၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၃။ **ပူးပေါင်းကော်မတီ၏ တာဝန်များ။** ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသည် -

(က) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ပြည်ထောင်စု၏ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို အသေးစိတ်လေ့လာစိစစ်ပြီး တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကိုပြုစု၍ ပူးပေါင်းကော်မတီဥက္ကဋ္ဌက လက်မှတ်ရေးထိုးပြီး နာယကထံ တင်ပြရမည်။

(ခ) ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါရငွေများနှင့် သုံးငွေများအပေါ် အစီရင်ခံထားသော ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာနှင့် ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန၏ ရှင်းလင်းချက်၊ အရေးယူဆောင်ရွက်ချက်တို့ကို စိစစ်၍ လွှတ်တော်သို့ တင်ပြရမည်။

(ဂ) ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုစိစစ်ရာတွင် လွှတ်တော်သို့တင်ပြအတည် ပြုချက်ရယူထားသည့် လျာထားရငွေများကို ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ မရှိနှင့် သုံးစွဲခွင့်ပြုထားသောငွေများကို သတ်မှတ်ထားသောကိစ္စအတွက် သုံးစွဲခြင်း ရှိ မရှိ၊ ထိရောက်စွာအသုံးပြုမပြု လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့် ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စိစစ်၍ လွှတ်တော်သို့ တင်ပြရမည်။

(ဃ) ပြည်ထောင်စုအစိုးရ၏ အသုံးစာရင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို သတ်မှတ်ထားသောကိစ္စ အတွက်သာ သုံးစွဲခြင်း ရှိ မရှိ၊ ထိရောက်မှန်ကန်စွာသုံးစွဲခဲ့ခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးရန်ရှိက လွှတ်တော်သို့တင်ပြရမည်။

(င) ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက လွှဲအပ်ပေးပို့သော ကိစ္စရပ်များကို စိစစ်၍ လွှတ်တော်သို့ တင်ပြရမည်။

(စ) အောက်ပါတို့ကိုဆောင်ရွက်၍ လွှတ်တော်သို့ တင်ပြရမည် -

(၁) ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့၏ တောင်းဆိုချက်အရ ကိစ္စ တစ်ရပ်အတွက် ခွဲဝေချထားငွေကိုသုံးစွဲရာ၌ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍သုံးစွဲရာ၌ ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(၃) ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော အသုံးစရိတ်များနှင့်စပ်လျဉ်းသည့်ကိစ္စများကို စိစစ်ခြင်း၊

(၄) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ပြည်ထောင်စုစာရင်းစစ်ချုပ် ရုံး၏ အကြံပြုချက်များကို ဆောင်ရွက်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော် သမ္မတ၏ အမိန့်အရ ပြုလုပ်သည့်လုပ်ငန်း၏ စာရင်းများနှင့် ယင်းစာရင်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာတို့ကို စိစစ်ရမည်။

(ဇ) နိုင်ငံတော်သမ္မတ၏ အမိန့်အရ ရငွေတစ်ရပ်ရပ်ကို စစ်ဆေးသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့် စပ်လျဉ်းသည့် စာရင်းများ၊ ကုန်ပစ္စည်းများကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

(ဈ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီးဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ် များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်း၊ စာဖြင့်ရေးသားတင်သွင်းစေခြင်းများ ဆောင်ရွက်နိုင်သည်။"

၂၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၄။ **ပူးပေါင်းကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း။** ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် သဘာပတိကလက်မှတ်ရေးထိုး၍ကော်မတီ၏အစီရင်ခံစာကို နာယကထံ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် အများဆန္ဒအရဆုံးဖြတ်ရေးသားထားသည့် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို နာယကထံ တင်ပြပြီးနောက် လေးရက်ထက်မစော၊ ၁၀ ရက်ထက်နောက်မကျစေဘဲ နာယက က သတ်မှတ်သည့်ရက်တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီးနောက် အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များသည် ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးပါက ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကော်မတီဝင်တစ်ဦးက အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။"

၂၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀၅။ **ပူးပေါင်းကော်မတီ၏ လုပ်ပိုင်ခွင့်များ။** ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ-

(က) ကော်မတီသည် လိုအပ်သည့် ပြင်ပပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများကိုလည်း တင်ပြစေရန် ဆင့်ဆိုနိုင်သည်။ ကော်မတီ၏ရှေ့တွင် သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်းများတင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့် ဆင့်ဆိုရမည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏ အကျိုးကိုဖြစ်စေထိခိုက်နစ်နာဖွယ်ရာရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့က စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

(ခ) ကော်မတီသည် မိမိ၏ရှေ့တွင် သက်သေထွက်ဆိုချက် သို့မဟုတ် သက်သေခံအဖြစ် တင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့်မသင့်ဆုံးဖြတ်နိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ဆိုချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏ အလုပ်ဝတ္တရားဆောင်ရွက်ရာတွင် သက်ဆိုင်သည်၊ မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကိုအဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက နာယကထံ တင်ပြနိုင်သည်။ နာယက၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

(ဂ) ကော်မတီဝင်များသည် ကော်မတီ အစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ဃ) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူ မလို။ ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပို၍ ဆွေးနွေးခွင့်ရှိသည်။

(င) ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသောဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကိုအသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကိုဖြန့်ဝေခြင်းမပြုရ။ နာယကထံပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးသို့ပေးပို့ရမည်။"

၂၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၅ ၏ နောက်တွင် "အခြားပူးပေါင်းကော်မတီများ၊ ကော်မရှင်နှင့်အဖွဲ့များ" ဆိုသည့် အစုခေါင်းစဉ်စကားရပ်နှင့် နည်းဥပဒေ ၁၀၅-ကနှင့် ၁၀၅-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"အခြားပူးပေါင်းကော်မတီများ၊ ကော်မရှင်နှင့် အဖွဲ့များ**

၁၀၅-က။ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက အခြားပူးပေါင်းကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလ သတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ ယင်းသို့ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုပါ သတ်မှတ်ပေးရမည်။

၁၀၅-ခ။ လွှတ်တော်သည် လွှတ်တော်ကော်မတီများက လေ့လာသော ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို လေ့လာရန်လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ယင်းသို့ဖွဲ့စည်းရာတွင် ယင်းကော်မရှင် သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုပါ သတ်မှတ်ပေးရမည်။"

၂၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁၁။ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို ပြည်ထောင်စု လွှတ်တော်ရုံးက နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်းနှင့် ပြည်သူအများ သိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်းပြုရမည်။"

၂၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃၄။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းပါ ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍ နာယကသည် လွှတ်တော်အစည်းအဝေး၏ အဆုံးအဖြတ်ကို ရယူရမည်။"

၂၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃၆။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို စတင်ဆွေးနွေးခြင်းမပြုမီ ယင်း ဥပဒေမူကြမ်းနှင့် ပူးပေါင်းကော်မတီ၏ လေ့လာစိစစ်ချက်တို့ကို လွှတ်တော်နာယကက သတ်မှတ်သည့်နည်းလမ်းအတိုင်း လွှတ်တော်ကိုယ်စားလှယ်များထံ ပြည်ထောင်စုလွှတ်တော် ရုံးက ကြိုတင်ဝေငှထားရမည်။"

၃၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃၇။ နာယကသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ဆွေးနွေးရန် အမည်စာရင်းပေးထားသော လွှတ်တော်ကိုယ်စားလှယ်များထဲမှ မိမိသင့်မြတ်သည်ဟု ထင်မြင်ယူဆသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက်၊ ဆွေးနွေးရမည့်နေ့ရက်နှင့် ဆွေးနွေးခွင့်ပြုသည့် အချိန်တို့ကို သတ်မှတ်၍ ခွင့်ပြုနိုင်သည်။"

၃၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃၈။ နည်းဥပဒေ ၁၃၇ အရ ဆွေးနွေးခွင့်ရရှိသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရာတွင် ဆွေးနွေးခွင့်ပြုသည့် သတ်မှတ်ချိန်အတွင်း ဆွေးနွေးရမည်ဖြစ်ပြီး ယင်းပြင်ဆင်သည့် ဥပဒေ မူကြမ်း၌ပါရှိသော ပုဒ်မများပါကိစ္စရပ်များမှအပ အခြားမည်သည့်ကိစ္စကိုမျှ ထည့်သွင်း ဆွေးနွေးခြင်း မပြုရ။"

၃၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃၉။ နာယကသည် မိမိခွင့်ပြုထားသည့် ဆွေးနွေးချက်များပြီးဆုံးပါက ပြင်ဆင်သည့် ဥပဒေ မူကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၏ အဆုံးအဖြတ်ကို ရယူရမည်။"

၃၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်ရန် တင်သွင်းသည့် ဥပဒေမူကြမ်းဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် တစ်နိုင်ငံလုံးရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော်က သဘောတူလက်ခံခြင်း ရှိ မရှိ ဆန္ဒရယူနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် ကော်မရှင်တစ်ရပ်အဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုဖြစ်စေ၊ အခြားကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။"

၃၄။ နောက်ဆက်တွဲ (ခ) ၏ ခေါင်းစဉ်ကို "စက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းလမ်း" ဟု ပြင်ဆင်ရမည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည်** ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၆ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ဆိုသည်။

(ခ) **အမြဲနေထိုင်ခွင့်**ဆိုသည်မှာ ဤနည်းဥပဒေများပါ အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသားကို ခွင့်ပြုသည့် သတ်မှတ်ကာလအတွင်း မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့်ပြုခြင်းကို ဆိုသည်။

(ဂ) **အမြဲနေထိုင်ခွင့်လက်မှတ်**ဆိုသည်မှာ နိုင်ငံခြားသားတစ်ဦးကို မြန်မာနိုင်ငံတွင်အမြဲနေထိုင်ခွင့်ပြုသည့် ကာလအတွင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်နိုင်ရန် ဤနည်းဥပဒေများအရ ထုတ်ပေးထားသည့် သက်သေခံအထောက်အထား လက်မှတ်နှင့်ကတ်ကိုဆိုသည်။

(ဃ) **မြန်မာနိုင်ငံသား**ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသောနိုင်ငံသားကို ဆိုသည်။

(င) **ဧည့်နိုင်ငံသား**ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော ဧည့်နိုင်ငံသားကို ဆိုသည်။

(စ) **နိုင်ငံသားပြုခွင့်ရသူ**ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသားပြုခွင့်ရသူကို ဆိုသည်။

(ဆ) **အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြားကိုင်ဆောင်သူ**ဆိုသည်မှာ ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ ထုတ်ပေးသော သက်သေခံကတ်ပြားကိုင်ဆောင်သူကို ဆိုသည်။

(ဇ) **မြန်မာနိုင်ငံသားဟောင်း**ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသားသော်လည်းကောင်း၊ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်ပြား သို့မဟုတ် အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား ကိုင်ဆောင်ခဲ့ဖူးသူသော်လည်းကောင်း ဖြစ်ပြီး ပြည်ပနိုင်ငံတစ်ခုခု၏ နိုင်ငံသားအဖြစ် ခံယူထားသူကို ဆိုသည်။

(ဈ) **ကျွမ်းကျင်ပညာရှင်**ဆိုသည်မှာ လုပ်ငန်းလိုအပ်ချက်အလိုက် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် အရည်အချင်းပြည့်မီသူ ပညာရှင်ကို ဆိုသည်။

(ည) **ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ကိုင်လိုသူ**ဆိုသည်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများနှင့်အညီ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူကို ဆိုသည်။

(ဋ) **မြန်မာနိုင်ငံသားနှင့် ဆက်စပ်သူ နိုင်ငံခြားသားများ**ဆိုသည်မှာ မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် မြန်မာနိုင်ငံသားများ၏ လက်ထပ်ထိမ်းမြားခြင်းနှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသော နိုင်ငံခြားသား ဇနီး သို့မဟုတ် ခင်ပွန်းနှင့် ယင်းတို့ကမွေးဖွားသော သို့မဟုတ် တရားဝင်မွေးစားသော အသက် ၁၈ နှစ်အောက် အိမ်ထောင်မပြုရသေးသည့် သားသမီးများကိုဆိုသည်။

(ဌ) **နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် အထောက်အကူပြုနိုင်သူ**ဆိုသည်မှာ နိုင်ငံတော်၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နယ်ပယ်တစ်ရပ်ရပ်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်နိုင်သူကို ဆိုသည်။

(ဍ) **အကောင်အထည်ဖော်ရေးဗဟိုကော်မတီ**ဆိုသည်မှာ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းသည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဆိုသည်။

(ဎ) **အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**ဆိုသည်မှာ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ လျှောက်ထားခြင်းများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက ဖွဲ့စည်းသည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန**ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကို ဆိုသည်။

(တ) **ဦးစီးဌာန**ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကို ဆိုသည်။

(ထ) **ဌာနစိတ်**ဆိုသည်မှာ ဦးစီးဌာန၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ ဌာနစိတ်ကို ဆိုသည်။

(ဒ) **မြို့နယ်ဦးစီးဌာနမှူးရုံး**ဆိုသည်မှာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးကို ဆိုသည်။

(ဓ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့်လျှောက်ထားရာ၌ လည်းကောင်း၊ အမြဲနေထိုင်ခွင့်လက်မှတ်ကို ကိုင်ဆောင်အသုံးပြုရာ၌လည်းကောင်း ဤနည်းဥပဒေများအရ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်ခြင်းရှိမရှိကို လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာတွင် သက်ဆိုင်သူအား စစ်ဆေးရန် ဝန်ကြီးဌာနမှ တာဝန်ပေးထားခြင်းခံရသော လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လူဝင်မှုကြီးကြပ်ရေးအရာရှိကို ဆိုသည်။

(န) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများပါ သတ်မှတ်ပုံစံကို ဆိုသည်။

(ပ) **နောက်ဆက်တွဲ**ဆိုသည်မှာ ဤနည်းဥပဒေများပါ လိုအပ်ချက်များကို သတ်မှတ်ဖော်ပြသည့် နောက်ဆက်တွဲကို ဆိုသည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၄)

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် )

ပြည်ထောင်စုလွှတ်တော်ရုံး၊ နိုင်ငံတကာဆက်ဆံရေး၊ သုတေသနနှင့် စာကြည့်တိုက်ဌာနကြီးမှ ညွှန်ကြားရေးမှူး ဦးဇော်ဟိန်းအား ယင်းဌာနကြီးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၂၀,၀၀၀-၂,၀၀၀-၂၃၀,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

### မြေတိုင်းဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

အမှတ် ၁။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၆) (၆၅၇/၂၀၁၄) အရ မြေတိုင်းဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဌာနခွဲများရှိ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာများသို့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **ခန့်ထားသည့်ဌာနခွဲ** |
|---|---|---|
| ၁။ | ဦးစိန်မင်း | နယ်နိမိတ်တိုင်းတာရေးနှင့် မြို့ပြဆောက်လုပ်ရေးမြေတိုင်းဌာနခွဲ (နေပြည်တော်) |
| ၂။ | ဦးဇေယျာထွေး | ကောင်းကင်မြေတိုင်းနှင့် ဓာတ်ပုံဌာနခွဲ (ရန်ကုန်မြို့) |

သန်းလှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
မြေတိုင်းဦးစီးဌာန။

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက် )

အမှတ် ၅ ။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးအား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဦးထင်အောင်

(ခ) ဦးမောင်မောင်အေး

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် )

အမှတ် ၆ ။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၉) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ လက်ထောက်ညွှန်ကြားရေးမှူးရာထူးနေရာများတွင် အတည်ပြုခန့်ထားလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်မြင့်ဌေး | လက်ထောက်ညွှန်ကြားရေးမှူး | တိုင်းဒေသကြီးစည်ပင် |
| (ခ) | ဦးဇော်နိုင်လင်း | အမှုဆောင်အရာရှိ | တောင်တွင်းကြီးမြို့နယ်စည်ပင် |
| (ဂ) | ဦးနေမန်း | အမှုဆောင်အရာရှိ | စလင်းမြို့နယ်စည်ပင် |
| (ဃ) | ဦးကျော်သူ | အမှုဆောင်အရာရှိ | မင်းဘူးမြို့နယ်စည်ပင် |
| (င) | ဦးမြလင်း | အမှုဆောင်အရာရှိ | ရေနံချောင်းမြို့နယ်စည်ပင် |
| (စ) | ဦးအောင်မင်းကြိုင် | လက်ထောက်ညွှန်ကြားရေးမှူး | ပခုက္ကူမြို့နယ်စည်ပင် |
| (ဆ) | ဦးဝင်းနိုင် | အမှုဆောင်အရာရှိ | ဂန့်ဂေါမြို့နယ်စည်ပင် |
| (ဇ) | ဦးသိန်းနိုင် | အမှုဆောင်အရာရှိ | သရက်မြို့နယ်စည်ပင် |
| (ဈ) | ဦးသိန်းဌေး | လက်ထောက်ညွှန်ကြားရေးမှူး | မကွေးမြို့နယ်စည်ပင် |

အမှတ် ၇ ။ ။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး ဦးလင်းဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူးရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်။

နေရှင်း၊
ဝန်ကြီး၊
စည်ပင်သာယာရေးဝန်ကြီးဌာန၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်<br>( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**"မယ်ဒီဗိုကုမ္ပဏီလီမိတက်"**

**''MEDEVO COMPANY LIMITED''**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **"မယ်ဒီဗိုကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၅. ၁၂. ၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်စန္ဒာအေး (B.com, C.P.A) အမှတ် (၂၃)၊ အခန်း (၃၀၂)၊ အင်ကြင်းလမ်း၊ (၉၄) ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂. ၂. ၂၀၁၅) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်မိုးစံပါယ်
မန်နေးဂျင်းဒါရိုက်တာ
မယ်ဒီဗို ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်စန္ဒာအေး
(B.com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း- ၀၉-၃၁၅၄၉၇၉၃

**Yangon Wood Industries Limited**

**(Notice Under Section 208-E)**

Notice is hereby given that Final General Meeting of the Contributors and the Creditor's Meeting of Yangon Wood Industries Limited. Under Section (208-E) of the Myanmar Companies Act will be convened at Company's office No.11 (A/B) Hantharwaddy Road, Sanchaung T/S Yangon. on (2.2.2015) at 10.00 AM for the purpose of laying an account of the final winding up.

U Kyaw Nyunt

[B.A, D.S, C.P.A (R.A)]

Liquidator

**မြန်မာဝင်းအုပ်စု ကုမ္ပဏီလီမိတက်**

**( MYANMAR WIN GROUP CO.,LTD.)** အား

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**"မြန်မာဝင်းအုပ်စု ကုမ္ပဏီလီမိတက်" ( MYANMAR WIN GROUP COMPANY LIMITED.)** ၏ နောက်ဆုံး အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနစ်

(တရားလွှတ်တော်ရှေ့နေ)

YE NOOS & ASSOCIATES (Law Firm)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**အရှေ့တောင်ကုန်း အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်**
**(EAST MOUNTAIN INTERNATIONAL CO.,LTD.)** အား
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**"အရှေ့တောင်ကုန်း အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်" (EAST MOUNTAIN INTERNATIONAL COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာလျှပ်စစ်အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်**
**( MYANMAR ELECTRIC ENGINEERING CO.,LTD.)** အား
(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**"မြန်မာလျှပ်စစ်အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်" ( MYANMAR ELECTRIC ENGINEERING COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဦးဝင်းအောင် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## U WIN AUNG TRADING CO.,LTD.

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဦးဝင်းအောင် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် ( U WIN AUNG TRADING CO.,LTD.)** အား (၂. ၁. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းမြင့်အောင်
Managing Director
U Win Aung Trading Co.,Ltd.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## မိုးသင်းသင်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## MOE THIN THIN TRADING CO.,LTD.

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မိုးသင်းသင်း ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် ( MOE THIN THIN TRADING CO.,LTD.)** အား (၂. ၁. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်ဝေ
Managing Director
Moe Thin Thin Trading Co.,Ltd.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## မင်္ဂလာပါ ပလပ်စတစ်စက်မှုထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

## Mingalarbar plastic Industries Co., Ltd.

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့ ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မင်္ဂလာပါ ပလပ်စတစ်စက်မှုထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (Mingalarbar plastic Industries Co., Ltd.)** အား (၂. ၁. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန္ဒာအေး (B.com, CPA) လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်အား) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ချိန်ယုရှင်
မန်နေးဂျင်းဒါရိုက်တာ
မင်္ဂလာပါပလပ်စတစ် စက်မှုထုတ်လုပ်မှုကုမ္ပဏီလီမိတက်

ဒေါ်စန္ဒာအေး
(B.com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၂၃)၊ အခန်း (၃၀၂)၊ အင်ကြင်းလမ်း၊
(၉၄) ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။